

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၁ ခုနှစ်၊ မေလ )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၁ ခုနှစ်၊ မေလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် ( ၂၅/၂၀၂၁ )

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၁ ခုနှစ်၊ ဇွန်လ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၅၀၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

## မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

မိန့်ခွန်းများ

၁။ မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာဖွင့်ပွဲအခမ်းအနားများတွင် ပြောကြားသည့် အမှာစကား ၇

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၆/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၁၂

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁)တွင်ပြောကြားသည့် အမှာစကား ၁၇

၄။ ရတနာပုံခန်းမ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၂၂

၅။ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၂၇

၆။ သပိတ်ကျင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် နယ်မြေခံတပ်မတော်တန်းမြင့်သင်တန်းကျောင်းမှ သင်တန်းသားများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၃၁

၇။ မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၊ မြစ်ငယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၃၄

၈။ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၃၆

၉။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၇/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၃၉

၁၀။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၁/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၄၃

၁၁။ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ ပြောကြားသည့် အမှာစကား ၄၇

၁၂။ ဘားအံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံပြောကြားသည့် အမှာစကား ၅၁


**သဝဏ်လွှာများ**


၁။ ၂၀၂၁ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်သော အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၅၇


■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

## ၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

## ၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာ ဖွင့်ပွဲအခမ်းအနားများတွင် ပြောကြားသည့် အမှာစကား

( ၂ - ၅ - ၂၀၂၁ )





ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းရှိ မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာ ဖွင့်ပွဲအခမ်းအနားများအား မေလ ၂ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးချစ်နိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညီစောတို့က မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီးနောက် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံအတွင်း လှည့်လည် ကြည့်ရှုကြရာ ဌာနအလိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြဝတီမီဒီယာစင်တာ ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညီညီစောတို့က မြဝတီမီဒီယာစင်တာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြဝတီမီဒီယာစင်တာအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် Mini Theatre အတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံနှင့် မြဝတီမီဒီယာ စင်တာတို့ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားရာတွင် ယခုပေါ်ထွန်းလာခဲ့သည့် မိုးကောင်း ရတနာ မိခင်နှင့်ကလေးဆေးရုံကြီး အောင်မြင်စွာ

**မိုးကောင်းရတနာမိခင်နှင့် ကလေးဆေးရုံ၏ မျှော်မှန်း (Vision)အနေဖြင့် “ကျွမ်းကျင်ပညာရှင်များမှ လူနာများကို (၂၄)နာရီပတ်လုံး နိုင်ငံတကာအဆင့်မီ မိခင်နှင့် ကလေးပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများကို စိတ်ချလုံခြုံစွာ အဆင့်မြင့်ဆုံးပေးနိုင်မည့် မိခင်နှင့်ကလေးဆေးရုံကြီးအဖြစ် စဉ်ဆက်မပြတ် အောင်မြင်စေရန်” ဖြစ်။**

ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတကာမှ အတွေ့အကြုံရှိသည့် ကျွမ်းကျင်ပညာရှင်ကြီးများ၊ အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ်အခါခါ တိုင်ပင်ညှိနှိုင်းဆွေးနွေးပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးအချက်အလက်များအရ မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများအနက် ပဉ္စမမြောက် လူဦးရေအများဆုံး နိုင်ငံဖြစ်ကြောင်း၊ ကျန်းမာရေးအသုံးစရိတ် (Healthcare Expenditure) များကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ပြည်ပ အိမ်နီးချင်းနိုင်ငံများသို့ ဆေးကုသမှု၊ ကျန်းမာရေး စစ်ဆေးမှုများအတွက် COVID-19 မဖြစ်ပွားမီ ယခင်နှစ်များက သွားရောက်ကုသသူ လူဦးရေ နေ့စဉ် ၅၀၀ ခန့် ရှိကြောင်း၊ ထိုသို့ပြည်ပသို့ သွားရောက်ဆေးကုသသူ ဦးရေ တစ်နှစ်ထက်တစ်နှစ် များပြားလျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် ပြည်ပသို့ သွားရောက်ဆေးကုသသူ လူဦးရေ စုစုပေါင်း ၂၁၇၉၅၁ ဦးရှိကြောင်း၊ ပြည်ပသို့ ဆေးကုသမှုအတွက် သွားရောက်မှုအများဆုံးနိုင်ငံမှာ ထိုင်းနိုင်ငံ ၅၆ ရာခိုင်နှုန်း၊ ဒုတိယအများဆုံးနိုင်ငံမှာ အိန္ဒိယနိုင်ငံ ၁၉ ရာခိုင်နှုန်းနှင့် တတိယအများဆုံးနိုင်ငံမှာ စင်ကာပူနိုင်ငံ ၁၁ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရကြောင်း။

### မြန်မာနိုင်ငံတွင် ဆေးရုံပေါင်း ၁၃၀၁ ရုံရှိ

ကျန်းမာရေးဝန်ဆောင်မှုအချက်အလက်များအရ မြန်မာနိုင်ငံတွင် ဆေးရုံပေါင်း ၁၃၀၁ ရုံရှိပြီး အများပိုင် (Public Hospital) ၁၁၁၅ ရုံ၊ ပုဂ္ဂလိကပိုင်(Private Hospital) ၁၈၇ ရုံရှိကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာ အနေဖြင့် ဆေးရုံခုတင်ပေါင်း ၆၁၃၉၅ ခုတင်ရှိပြီး အများပိုင်(Public) ၅၅၈၉၅ ခုတင်နှင့် ပုဂ္ဂလိကပိုင်(Private) ၅၅၀၀ ခုတင် ဖြစ်ကြောင်း၊ စစ်တမ်းများအရ ၇၂ ရာခိုင်နှုန်းခန့်သည် ပုဂ္ဂလိက ဆေးရုံဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိသည်ကို လေ့လာသိရှိရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်ရန် မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မိုးကောင်းရတနာမိခင်

နှင့်ကလေးဆေးရုံ၏ မျှော်မှန်းချက်(Vision)အနေဖြင့် “ကျွမ်းကျင်ပညာရှင်များမှ လူနာများကို (၂၄)နာရီ ပတ်လုံး နိုင်ငံတကာအဆင့်မီ မိခင်နှင့်ကလေး ပြုစု စောင့်ရှောက်ရေးဝန်ဆောင်မှုများကို စိတ်ချလုံခြုံစွာ အဆင့်မြင့်ဆုံးပေးနိုင်မည့် မိခင်နှင့်ကလေးဆေးရုံကြီး အဖြစ် စဉ်ဆက်မပြတ် အောင်မြင်စေရန်” ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ လွှဲပြောင်း လူနာများ၊ ကုသမှုလိုအပ်သည့် ကလေးငယ်များကို သင့်လျော်သည့် ဝန်ဆောင်မှုနှုန်းထားဖြင့် “Tertiary Care” အဆင့်မြင့်ကုသမှုပေးနိုင်ရန်ဖြစ်သကဲ့သို့ မိခင် နှင့်ကလေးရောဂါများကို အထူးကုသရာတွင် (One Stop Service Center) အဖြစ် တစ်နေရာတည်းတွင် ပြည့်စုံ လုံလောက်သည့် ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရန် ဖြစ်ကြောင်း။

ထို့အပြင် မိမိတို့ပြည်သူလူထုများအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှု ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံ များသို့ သွားရောက်ဆေးကုသခံယူမှု စျေးကွက်ကို အစားထိုးနိုင်ရန်ဖြစ်ပြီး ဘာသာစကားကန့်သတ်ချက် ကို ကျော်လွှားနိုင်ရန်၊ ဆရာဝန်များနှင့် အရေးပေါ် ချိတ်ဆက်ဆွေးနွေးဆောင်ရွက်မှု အခက်အခဲများမရှိစေ ရန်၊ ဒေသတွင်းပြည်သူလူထုများအတွက် နိုင်ငံတကာ အဆင့်မီ ဆေးကုသမှုခံစားရရှိနိုင်စေရန်၊ မိသားစုနှင့် အတူ အိုးမကွာအိမ်မကွာ နွေးထွေးသည့် ကုသခံစားမှု မျိုးရရှိနိုင်စေရန်၊ ဆေးရုံနှင့် လူနာ မမျှတမှုကိုဖြည့်ဆည်း ပေးနိုင်စေရန်နှင့် အဆင့်မြင့်ရောဂါရှာဖွေကုသရေး ဆိုင်ရာ စက်ပစ္စည်းကိရိယာနှင့် နည်းပညာအဆင့် မြင့်မားသည့် ကုသမှုများကို ပြည်သူလူထုများ ရရှိနိုင် စေရန် ရည်ရွယ်ပြီး နိုင်ငံတကာအဆင့်မီ မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံကြီးကို တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း။

စက်ပစ္စည်းများကိုလည်း Brand ကောင်းသည့် စက်ပစ္စည်းကိရိယာများနှင့် အနည်းဆုံး (၁၀)နှစ်ခန့်အထိ ခေတ်မီနေနိုင်မည့် Technology မြင့်သည့် စက်ပစ္စည်း ကြီးများကို တပ်ဆင်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် လူနာများအတွက် ဘေးကင်း လုံခြုံစိတ်ချရမှု (Patient Safety)ပိုင်းနှင့် အရည်အသွေး ကောင်းမွန်မှု (Hospital Quality) ပိုင်းများတွင် ယုံကြည် စိတ်ချရသည့် နိုင်ငံတကာအသိအမှတ်ပြု ဆေးရုံတစ်ခု အဖြစ်ရပ်တည်ဆောင်ရွက်နိုင်ရေးအတွက် International Patient Safety Goals (IPS Goals) (၆)ချက်ကို အခြေခံ ကာ ကမ္ဘာ့အသိအမှတ်ပြုဆေးရုံလက်မှတ် Joint Commission International (JCI)လက်မှတ်ရရှိနိုင်ရေး ကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မိမိအနေဖြင့် ဆေးရုံစတင် အကောင်အထည်ဖော်ချိန်မှစ၍ ဆေးရုံသုံး စက်ပစ္စည်းကိရိယာများ တပ်ဆင်ဆောင်ရွက်စဉ်ကာလ တွင်လည်း အကြိမ်ကြိမ် လာရောက်စစ်ဆေးခဲ့ပြီး မှာကြားမှု များပေးခဲ့ကြောင်း။

ဆက်လက်ပြီး မြဝတီ မီဒီယာစင်တာနှင့် ပတ်သက်၍ သတင်း၊ စာပေ၊ ရုပ်ရှင်၊ သီချင်း၊ ဂီတ၊ ရုပ်မြင်သံကြားများ၊ အကျုံးဝင်သည့် မီဒီယာလုပ်ငန်း များသည် နိုင်ငံတစ်ခုအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားအကျိုးစီးပွားအတွက် များစွာအထောက်အကူ ပြုစေနိုင်သည့် အင်အားစုကြီးတစ်ခုဖြစ်ပါကြောင်း၊ အဆင့်မြင့်နည်းပညာများ လိုအပ်လာသည့်အချိန်တွင် မိမိတို့နိုင်ငံ၌ အပြည့်အဝမလုပ်ဆောင်နိုင်ဘဲ ပြည်ပနိုင်ငံ

**မြန်မာနိုင်ငံ၏ မီဒီယာလုပ်ငန်းများကို နိုင်ငံတကာနှင့်အတူ ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်နိုင်တော့မည့်နိုင်ငံတကာအဆင့်မီ မြဝတီမီဒီယာစင်တာသည် မီဒီယာနှင့်ပတ်သက်သည့် ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် စာနယ်ဇင်းလုပ်ငန်းများကို တစ်နေရာတည်းတွင် နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်၏မီဒီယာ အဆင့်အတန်း မြင့်မားလာစေရန်အတွက် ရည်ရွယ်တည်ဆောက်ထားရှိခြင်းဖြစ်။**

များသို့ သွားရောက်လုပ်ကိုင်နေကြရသည်ကို မိမိအနေဖြင့် အားမလိုအားမရ ဖြစ်ခဲ့ရသည့်အတွက် တတ်နိုင်သည့်အချိန်တွင်လုပ်ဆောင်မည်ဟု စဉ်းစား၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

**ရည်ရွယ်တည်ဆောက်**

မြန်မာနိုင်ငံ၏ မီဒီယာလုပ်ငန်းများကို နိုင်ငံတကာနှင့်အတူ ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်နိုင်တော့မည့် နိုင်ငံတကာအဆင့်မီ မြဝတီမီဒီယာစင်တာသည် မီဒီယာနှင့်ပတ်သက်သည့် ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် စာနယ်ဇင်းလုပ်ငန်းများကို တစ်နေရာတည်းတွင် နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်၏ မီဒီယာအဆင့်အတန်း မြင့်မားလာစေရန်အတွက် ရည်ရွယ်တည်ဆောက်ထားရှိခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တည်ဆောက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူလူထုယုံကြည်အားထားရမည့် အဓိကမီဒီယာလုပ်ငန်းကြီးတစ်ခု ဖန်တီးတည်ဆောက်နိုင်စေရန်၊ နိုင်ငံတော်၏ မီဒီယာကျင့်ဝတ်များနှင့်အညီ ပြည်သူ လူထု၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုစေရန်၊ သတင်းနှင့်မီဒီယာအခန်းကဏ္ဍ နည်းပညာဆိုင်ရာများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာစံနှုန်းများ၊ ကျင့်ဝတ်များနှင့်အညီ ခေတ်မီ မီဒီယာနည်းပညာများ သင်ယူလေ့လာနိုင်စေရန်တို့ပင် ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံအတွက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဟူသည့် မဏ္ဍိုင်သုံးရပ်ဖြင့် တည်ဆောက်ထားပြီး ၎င်းမဏ္ဍိုင်ကြီး သုံးရပ်သည် အပြန်အလှန် ထိန်းကျောင်းမှုကျင့်စဉ်နှင့် ရပ်တည်ခြင်းမှာလည်း ဒီမိုကရေစီကျင့်စဉ်၏ အနှစ်သာရတစ်ရပ်ပင်ဖြစ်ကြောင်း၊ အဆိုပါမဏ္ဍိုင်ကြီးသုံးရပ်ကို စောင့်ကြည့်ထောက်ပြမှု ပြုလုပ်နိုင်သည့် အခြားမဏ္ဍိုင်ကြီးတစ်ခုမှာ မီဒီယာဆိုသည့် စတုတ္ထမဏ္ဍိုင်ပင်ဖြစ်ကြောင်း၊ ၂၁ ရာစု၏ သတင်းအချက်အလက်စီးဆင်းမှု မြန်ဆန်နှုန်းကြောင့် မီဒီယာကဏ္ဍအနေဖြင့် အရေးကြီးသည့် အခန်းကဏ္ဍကို ရောက်ရှိလာကြောင်း၊ မြဝတီ မီဒီယာစင်တာတွင် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ ပုဂ္ဂလိက မီဒီယာကုမ္ပဏီများသည် နိုင်ငံတော် အကျိုးပြုနိုင်ရေးအတွက် အဆင့်မြင့်တင် ကွန်ရက်ပေါင်းစည်းဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း။

**ဆောင်ရွက်ပေးနိုင်**

နိုင်ငံတစ်နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာသည် ဒီမိုကရေစီစနစ်အတွက် ဖော်ထုတ်ရေးသားပြောဆိုနိုင်ခွင့်ကို တိုးမြှင့်ဆောင်ရွက်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်ရုံသာမက ပြည်သူတစ်ဦးချင်းစီအတွက် သိသင့်သိထိုက်သည့် ဗဟုသုတအချက်အလက်များ ဖြန့်ဝေခြင်းဖြင့် အစိုးရ၏ပွင့်လင်းမြင်သာမှုကို တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ကြောင်း၊ Media များ၏ အရည်အသွေး၊ နိုင်ငံ၏သမိုင်းကြောင်းပေါ်တွင် နားလည်နိုင်မှုနှင့် နိုင်ငံကို မြန်မာတို့၏ ထုံးတမ်းစဉ်လာနှင့် မသွေဖည်ဘဲ တိုးတက်ကြီးပွားစေလိုမှု ရှိစေလိုကြောင်း၊ မိမိအနေဖြင့် ပြောရမည်ဆိုပါက ရှေးရိုးစွဲရန် မဟုတ်ဘဲ ခေတ်မီသည့် အတွေးအခေါ်များကို အားပေးရန်ဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက်များဖြင့် ပြည်သူများကို စိတ်ဓာတ်ခွန်အား၊ အသိဉာဏ်ခွန်အား ပေးနိုင်စေရန် လိုကြောင်း၊ သို့သော် အခြေအနေများသည် အခြေခံအကြောင်းတရားများအပေါ်တွင်သာ မူတည်နေကြောင်း၊ လက်ရှိကာလ ကမ္ဘာ့နိုင်ငံအများစုသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြခြင်း ဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ အဓိကကျသည့် ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်အစရှိသည့် မဏ္ဍိုင်ကြီးသုံးရပ်အပြင် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ စည်းကမ်းများ၊ သဘောသဘာဝများကို လိုက်နာဆောင်ရွက်သည့် မီဒီယာကို စတုတ္ထမဏ္ဍိုင်အဖြစ် သတ်မှတ်ထားရှိသည့်အတွက် ယနေ့ ဖွင့်လှစ်လိုက်သည့် မြဝတီမီဒီယာစင်တာအနေဖြင့်လည်း နိုင်ငံတော်၏ မီဒီယာကဏ္ဍ နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်အောင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် အဓိကခံယူထားကြောင်း။

**တိုးတက်ပြောင်းလဲနေ**

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သတင်းမီဒီယာ IT ခေတ်တွင် သတင်းရရှိ ပေးပို့မှုများ အင်မတန် လျင်မြန်လာသကဲ့သို့ သတင်းဖော်ပြမှုနှင့်

အထောက်အကူပစ္စည်းများ နည်းပညာများသည်လည်း တစ်ရက်နှင့်တစ်ရက် မတူအောင် တိုးတက်ပြောင်းလဲနေကြောင်း၊ ပြိုင်ဆိုင်မှုများပြီး လျင်မြန်လွန်းသည့် မီဒီယာခေတ်တွင် မှန်ကန်တိကျသည့် သတင်းဖော်ပြမှုသည် အရေးပါပြီး မှားယွင်းဖော်ပြမိသည်နှင့်အမျှ တရားစွဲဆိုခံရမှုများ ဖြစ်လာနိုင်သကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သတင်းမီဒီယာပညာများသည်လည်း လေ့လာသင်ယူစရာ များစွာရှိနေကြောင်း၊ မီဒီယာနှင့် ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ မိမိအဖွဲ့အစည်းလုပ်ငန်းများကို လူသိများစေရန် ဆောင်ရွက်သည့်အခါတွင် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများတွင် အများပြည်သူနှင့်ဆက်ဆံရေး၊ မိမိအသိုက်အဝန်းနှင့် ဆက်ဆံရေး၊ မိမိကို ထောက်ပံ့သူများနှင့် ဆက်ဆံရေးဟူ၍ ဆက်ဆံရေးအမျိုးမျိုး ပါဝင်လျက်ရှိကြောင်း၊ မိမိသိစေချင်သည့် အကြောင်းအရာတစ်ရပ်ကို လူအများသိရှိလာစေရန် မီဒီယာမှတစ်ဆင့် ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် မီဒီယာဆက်ဆံရေးသည် လူသိများစေရန် ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး မိမိအနေဖြင့်ပြောရမည်ဆိုပါက မီဒီယာလုပ်ငန်းသည် အတွေးအခေါ်ကောင်းရမည်၊ စက်မှုပိုင်းဆိုင်ရာ ကောင်းရမည်၊ နည်းပညာပိုင်းဆိုင်ရာ ကောင်းရမည်၊ သရုပ်ဆောင်မှုအပိုင်းတွင် အရုပ်နှင့်အသံပိုင်းဆိုင်ရာ ကောင်းရမည်၊ သံစဉ်များ ဟာမိုနီဖြစ်ရမည်၊ ပရိသတ်ကို သုတ၊ ရသပေးနိုင်ရမည်ဖြစ်ပြီး စိတ်ဓာတ်ခွန်အား ရစေရမည်ဖြစ်ကြောင်းနှင့် ကြည့်ရှုသူတို့၏ ရင်ထဲတွင် စွဲထင်ကျန်နေရမည် ဖြစ်ကြောင်း။

မြဝတီမီဒီယာစင်တာအနေဖြင့် နယ်ပယ်စုံမှ အနုပညာသမားများနှင့် မီဒီယာလုပ်ငန်းလုပ်ကိုင်သူများကို အချက်အချာကျသည့် တစ်နေရာတည်းတွင် အဆင့်မြင့် နည်းပညာသုံး ရိုက်ကူးရေးနှင့် အသံဖမ်းစတူဒီယိုများ ထည့်သွင်းငှားရမ်းခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရိုက်ကူး၊ ထုတ်လွှင့်တင်ဆက်မှုများကို နိုင်ငံတကာ အဆင့်မီ ဆောင်ရွက်နိုင်ရန်နှင့် ရုံးခန်းများကိုလည်း သင့်တင့်သည့်နှုန်းထားဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ဖွင့်လှစ်ခြင်းအားဖြင့် အဆင့်အတန်းရှိသည့် မီဒီယာလုပ်ငန်း တင်ဆက်မှုများကိုနိုင်ငံတကာနှင့်ရင်ပေါင်တန်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

## ကုသပေးနိုင်မည်

အချုပ်အားဖြင့် မိခင်နှင့် ကလေး ဆေးရုံအနေဖြင့် အဆင့်မြင့်ကျန်းမာရေး ဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ အတွင်းလူနာခန်းများ၊ HDU၊ ICU၊ Day Care၊ Emergency ကဲ့သို့ အခန်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားပြီး ကျန်းမာရေးစစ်ဆေးခြင်း အစီအစဉ်များအနေဖြင့် အထွေထွေ ကျန်းမာရေးစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတွက် မိခင်နှင့်ကလေး ကုသခြင်းများ၊ မွေးဖွားမှုဆိုင်ရာ Package များ၊ Member Card အစီအစဉ်များကိုလည်း စိတ်ကြိုက်ရွေးချယ် အားကိုးအားထားပြုကုသပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုဆေးရုံဖွင့်လှစ်ခြင်းကြောင့် မိခင်နှင့်ကလေးများနှင့် မြန်မာနိုင်ငံအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း။

သတင်းမီဒီယာလုပ်ငန်းအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများက ၎င်းတို့၏အကျိုးစီးပွားအတွက် ခေတ်မီဘက်စုံမီဒီယာများကို တွင်တွင်ကျယ်ကျယ်အသုံးပြုပြီး ၎င်းတို့လိုလားသည့် အယူအဆ၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုဓလေ့စရိုက်များကို သွတ်သွင်းခြင်းနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံမှ ထိုးနှက်မှုများကို ခိုင်ခိုင်မာမာကာကွယ်နိုင်ရန် လိုအပ်ကြောင်း၊ မြဝတီမီဒီယာစင်တာ၏ အထောက်အကူပြုဆောင်ရွက်မှုကြောင့် မီဒီယာလုပ်ငန်းရှင်များ၊ မီဒီယာဝါသနာရှင်များ၊ အနုပညာရှင်များအားလုံး စုစည်းခိုင်မာပြီး ညီညီညွတ်ညွတ်နှင့် စုပေါင်းကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၆/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

( ၆ - ၅ - ၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး (၆/၂၀၂၁) ကို မေလ ၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာ ပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

## ပညာတတ်များလိုအပ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ် သင်ကြားမှုနှင့်ပတ်သက်၍ တစ်နှစ်ကျော်ပိတ်ထားခဲ့သည့် တက္ကသိုလ်များကို ယခုလ ၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် COVID-19 ရောဂါကူးစက်မှုနှုန်း မြင့်မားလျက်ရှိသော်လည်း မိမိတို့နိုင်ငံတွင် ကူးစက်မှုရာခိုင်နှုန်း နည်းပါးလျက်ရှိသဖြင့် COVID-19 စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းများပိတ်ထားရသည့်အတွက် ကျောင်းသား၊ မိဘနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသဖြင့် ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး

ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသားများ ပညာတတ်ဖြစ်စေရန်အတွက် ကျွမ်းကျင်သည့် ဆရာ၊ ဆရာမများက လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ယခုအခါ ကျောင်းမတက်ရန်အတွက် အချို့သူများက ခြိမ်းခြောက်ဆောင်ရွက်ပြီး အဖျက်လုပ်ငန်းများဆောင်ရွက်နေမှုသည် နိုင်ငံအား ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာတတ်များပေါ်များလာမည်ကို နိုင်ငံရေးလုပ်စားသူများက မလိုလားဘဲ ပြည်သူများ ဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းပင်ဖြစ်ပြီး မိုက်မဲသည့်လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း၊ ယခုသင်ကြားနေသည့် ပညာရပ်များသည် ယခင်အစိုးရများမှ ချမှတ်ထားခဲ့သည့် အမျိုးသားပညာရေး မူဝါဒများအတိုင်းသာ သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး အားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးစနစ် ကောင်းမွန်ရန်အတွက် ကျောင်းသား၊ ဆရာ၊ မိဘနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့အစည်းများ ကောင်းမွန်ရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာသင်ကြားရေးပိုင်းဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

## များစွာအထောက်အကူဖြစ်

ယနေ့ခေတ်သည် သတင်းနှင့်နည်းပညာခေတ် (Information Technology Age) ဖြစ်သောကြောင့် ခေတ်နှင့်လျော်ညီသည့် နည်းပညာများ တတ်ကျွမ်းထားရန် လိုအပ်သကဲ့သို့ လူမှုနယ်ပယ်တွင် အသုံးဝင်သည့် ဥပဒေပညာရပ်များနှင့် စီးပွားရေးဆိုင်ရာပညာရပ်များကိုလည်း နားလည်သိရှိထားရန်လိုအပ်ကြောင်း၊ ထို့အတူ ဝိဇ္ဇာဘာသာရပ်သည်လည်း စီမံခန့်ခွဲရေး ပညာရပ်အတွက် များစွာအထောက်အကူဖြစ်ကြောင်း၊ တက္ကသိုလ်များမှ ဘာသာရပ်အလိုက် သက်ဆိုင်ရာပညာရှင်များ မွေးထုတ်ပေးသော်လည်း ကျောင်းသားတိုင်း ပညာရှင်မဖြစ်နိုင်ကြောင်း၊ တက္ကသိုလ်မှ သင်ကြားပေးလိုက်သည့် ဘာသာရပ်များအနက် ဥပဒေပညာရပ်နှင့် စီးပွားရေးပညာရပ်များသည် လက်တွေ့နယ်ပယ်တွင် များစွာအသုံးဝင်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျောင်းသားကျောင်းသူများ ဥပဒေနှင့် စီးပွားရေးပညာရပ်များအား သိရှိနားလည်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေကြသူများဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြှင့်တင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးပညာရပ်များ တတ်ကျွမ်းစေရန်ဆောင်ရွက်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ပညာရေးစနစ်သည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့တတ်ကျွမ်းသည့် ဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ပညာရပ်ကို တိုက်ရိုက်အသုံးချနိုင်သည့် ပညာရေးစနစ်ဖြစ်အောင် ရွေးချယ်သင်ကြားပေးရန်လိုကြောင်း၊ အရည်အချင်းရှိသည့် လူငယ်လူရွယ်များအား ပညာရပ်အလိုက် လူမှုနေရာမှန်ရောက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

## ပြန်လည်စိစစ်ဆောင်ရွက်

မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ နိုင်ငံတော်ပိုင်စီမံကိန်းများ၊ နိုင်ငံတော်နှင့် အကျိုးတူ ဆောင်ရွက်နေသည့် စီမံကိန်းများနှင့် ပုဂ္ဂလိကပိုင်စီမံကိန်းများရှိကြောင်း၊ အချို့မြေနေရာများသည် လုပ်ငန်းဆောင်ရွက်ရန်အတွက် လျှောက်ထား ရယူထားသော်လည်း လက်တွေ့အသုံးမပြုသည့် စီမံကိန်းများရှိသဖြင့် နိုင်ငံတော်နစ်နာမှုမရှိစေရန် ပြန်လည်စိစစ်ဆောင်ရွက်ရန်နှင့် စာချုပ်ပါသဘောတူညီချက်များအတိုင်း ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ဌာနများမှ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ လယ်ယာမြေများအား အခြားနည်းဖြင့် အသုံးပြုခြင်းကို အတတ်နိုင်ဆုံး မပြုလုပ်ရန်လိုကြောင်း၊ မြေယာမူဝါဒနှင့်ပတ်သက်ပြီး အလေးအနက်ထား စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ သစ်တောပြုန်းတီးမှုများ ပိုမိုများပြားလာသဖြင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်လာသဖြင့် သစ်တောပြုန်းတီးမှုများကို ထိန်းသိမ်းရန်လိုကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင်လည်း ပျိုးပင်များအား ဒေသနှင့်ကိုက်ညီသည့် အပင်၊

**မိမိတို့တတ်ကျွမ်းသည့်
ဘာသာရပ်အလိုက်
ကျွမ်းကျင်သည့် ပညာရပ်ကို
တိုက်ရိုက် အသုံးချနိုင်သည့်
ပညာရေးစနစ်ဖြစ်အောင်
ရွေးချယ်သင်ကြားပေးရန်လို၊
အရည်အချင်းရှိသည့်
လူငယ်လူရွယ်များအား
ပညာရပ်အလိုက် လူမှန်နေရာမှန်
ရောက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်။**

ပျိုးသက်ကောင်းမွန်သည့် အပင်များကိုရွေးချယ်စိုက်ပျိုး၍ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးရန်လိုကြောင်း၊ သစ်တောများ စိမ်းလန်းစိုပြည်ရေး ဒေသအားလုံးတွင် သစ်ပင်များ ဖြစ်ထွန်းအောင် စိုက်ပျိုးရန်လိုကြောင်း၊ သဘာဝဘေးဒဏ်ကျရောက်နိုင်သည့် ပင်လယ်ကမ်းခြေဒေသများရှိ ဒီရေတောများ ပြုန်းတီးမှုမရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဒီရေတောများအား ပြန်လည်စိုက်ပျိုးခြင်းများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ သစ်တောများစိုက်ပျိုးရာတွင် ရှင်သန်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ သစ်ပင်ခုတ်ခြင်းများကိုလည်း ကြပ်မတ်ထိန်းသိမ်းရန်လိုကြောင်း၊ မြို့နယ်၊ ကျေးရွာများအလိုက် ထင်းသုံးစွဲမှုအတွက် လိုအပ်သည့် ထင်းစိုက်ခင်းများကို စိုက်ပျိုးရန်လိုကြောင်း၊ လျှပ်စစ်မီးမရရှိသေးသည့် ဒေသများ လျှပ်စစ်မီးရရှိရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိမှသာ လူနေမှုစနစ်မြင့်မားလာမည်ဖြစ်ပြီး ကျေးလက်မြို့ပြဆင်းရဲချမ်းသာကွာဟမှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချ ဆောင်ရွက်နိုင်မည်ဖြစ်ကာ ပြည်သူများလျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် ငွေကြေးကုန်ကျမှုသက်သာစေရေး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

**ထိရောက်စွာအသုံးပြုရန်လို**

ဘဏ္ဍာငွေသုံးစွဲမှုများနှင့်ပတ်သက်၍ ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဌာနဆိုင်ရာလုပ်ငန်းများတွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများ၌ အသုံးပြုရမည့် ငွေကြေးများကို ထိရောက်စွာအသုံးပြုရန်လိုပြီး သုံးစွဲမှုများအား ပြန်လည်တင်ပြရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပိတ်ထားရသည့် နိုင်ငံပိုင်စက်ရုံများရှိသဖြင့် နိုင်ငံအတွက် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိပြီး စက်ရုံများ ပြန်လည် လည်ပတ်နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတွင်း အသုံးပြုရန်လိုအပ်သည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်များကိုပြည်တွင်း၌ အရည်အသွေးမီ ထုတ်လုပ်ပြီး ပြည်တွင်းထုတ်ကုန်များကို ဂုဏ်ယူစွာဖြင့် အားပေးသုံးစွဲရန်လိုကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုအကာအကွယ်ပေးပြီး ပြည်တွင်းထုတ်လုပ်သူများ ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် အားပေးရန်လိုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်ချင့်ချိန်၍ ချိန်ဆဆောင်ရွက်ကြရန်လိုကြောင်း။

ပို့ကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အခြေခံသဖြင့်ပြည်ပသို့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ထို့အပြင် ဒေသထွက်ပစ္စည်းများထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရေး ထိထိရောက်ရောက် ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မျိုးကောင်းရန်၊ မြေကောင်းရန်၊ စိုက်နည်းစနစ်များ ကောင်းမွန်ရန်နှင့် စိုက်ပျိုးရေ ပြည့်ဝစွာရရှိရန်လိုကြောင်း၊ စိုက်ပျိုးမြေများအတွက်လိုအပ်သည့် စံချိန်စံညွှန်း ကိုက်ညီသည့် မြေဩဇာများ၊ တမာပိုးသတ်ဆေးကဲ့သို့သော ဓာတုပစ္စည်းပါဝင်မှုနည်းပါးသည့် ပိုးသတ်ဆေးများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အလား

တူ မွေးမြူရေးလုပ်ငန်းအတွက်လိုအပ်သည့် မျိုးကောင်း မျိုးသန့်များနှင့် တိရစ္ဆာန်အစာများကို ထုတ်လုပ်နိုင်ရေး သုတေသနပြု ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ကော်မတီများမှ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုကြောင်း၊ သို့မှသာ ပြည်တွင်းစီးပွားရေး ကောင်းမွန် တိုးတက်လာမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက် ကြရန်လိုကြောင်း။

**စနစ်တကျလေ့ကျင့်ဆောင်ရွက်**

အားကစားကဏ္ဍနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍသည် ကျဆင်းလျက်ရှိသဖြင့် တိုးတက် စေရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ အားကစား သမားများ စွမ်းရည်တိုးတက်စေရေးအတွက် အားပေး ရန် လိုအပ်သကဲ့သို့ အားကစားကွင်းများ၊ အားကစားရုံ များနှင့် နည်းစနစ်များကောင်းမွန်စေရေး ဆောင်ရွက် ရန်လိုကြောင်း၊ ထို့အပြင် အားကစားသမားများ ကြံ့ခိုင် မှုရှိစေရေး ကြံ့ခိုင်ရေးနည်းပြများ၊ နည်းစနစ်ပိုင်းအတွက် နည်းစနစ်ဆိုင်ရာ နည်းပြများဖြင့် စနစ်တကျလေ့ကျင့် ဆောင်ရွက်ပေးရန် လိုကြောင်း၊ အားကစားဆိုင်ရာ လေ့ကျင့်ခန်းများကို အောက်ခြေမှစ၍ စနစ်တကျဖြင့် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆင့်မီအားကစားကွင်းများနှင့် မိုးလုံလေလုံအားကစား ရုံများ၊ ရေကူးကန်များအား ဖြည့်ဆည်းတည်ဆောက် ပေးခြင်း၊ အားကစားကဏ္ဍတိုးတက်စေရေး အားပေး ခြင်းများဆောင်ရွက်၍ မြန်မာ့အားကစားကဏ္ဍ တစ်ခေတ် ဆန်းစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း ဌာနအလိုက် အားကစား ပွဲများ ကျင်းပဆောင်ရွက်သွားကြစေလိုကြောင်း၊ လာ မည့် SEA Games ပြိုင်ပွဲများတွင် မိမိတို့နိုင်ငံ၏ အားကစား အဆင့်အတန်း ပိုမိုမြင့်မားစေရေး အားပေးဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ အလားတူ ပြည်သူများ စိတ်လက် ချမ်းသာစွာ လေ့ကျင့်ခန်းများပြုလုပ်နိုင်ရေး လမ်းလျှောက် ဧရိယာများအား မြို့များတွင် ဖော်ဆောင်ပေးရန်လိုကြောင်း။

လုံခြုံရေးနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၁ ရက်နေ့ နောက်ပိုင်း ဆူပူမှုများဖြစ်ပေါ်ခဲ့ပြီး ယခုအခါတွင် အခြေအနေများ ပြန်လည်တည်ငြိမ်လာပြီဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ်

**တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆင့်မီအားကစားကွင်းများနှင့် မိုးလုံလေလုံအားကစားရုံများ၊ ရေကူးကန်များအား ဖြည့်ဆည်းတည်ဆောက်ပေးခြင်း၊ အားကစားကဏ္ဍတိုးတက်စေရေး အားပေးခြင်းများဆောင်ရွက်၍ မြန်မာ့အားကစားကဏ္ဍ တစ်ခေတ် ဆန်းစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်။**

ခြိမ်းခြောက်ခြင်းနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူအချို့ CDM လှုပ်ရှားမှုတွင် ပေါ်ပေါ်တင်တင်မပါဝင်သော်လည်း လက်အောက်ဝန်ထမ်းများအပေါ် ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေသည်ကိုကြားသိရသဖြင့် သက်ဆိုင်ရာဝန်ကြီး ဌာနအလိုက် အဆိုပါတာဝန်ရှိသူများအား ဝန်ထမ်းအဖြစ် မှ ထုတ်ပယ်သည်အထိ ထိရောက်စွာဖော်ထုတ် အရေးယူ ဆောင်ရွက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ အခြားအဆောက်အအုံများကို မီးရှို့ ဖျက်ဆီးခြင်းနှင့် ဖောက်ခွဲဖျက်ဆီးခြင်း ပြုလုပ်နေသူများ ကိုလည်း ဥပဒေနှင့်အညီ ထိရောက်ဟန့်တားနိုင်သော အရေးယူမှုများဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံ ရှိ ဆူပူအကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသူများ သည် နိုင်ငံကို ဖျက်ဆီးနေကြခြင်းပင်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်နေကြသူများမှာ အသိပညာနည်းပါးကြသူ များဖြစ်သဖြင့် စုပေါင်းအားဖြင့် ဝိုင်းဝန်းကာကွယ် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာ ကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍ အလိုက် ဆွေးနွေးတင်ပြကြသည်။

**ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိုင်ငံတကာတွင် ရုပ်ရှင်လောကရှိ အနုပညာရှင်များအနေဖြင့် နိုင်ငံရေးတွင် ပါဝင်မှုမရှိကြောင်း၊ နိုင်ငံတကာတွင်လည်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အနုပညာသည်များနှင့်ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အချို့မီဒီယာများသည် တစ်ဖက်သတ် မဟုတ်မမှန်သည်များကို ပြောဆို ရေးသား ထုတ်လွှင့်မှုများ ရှိနေကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ရန်လိုအပ်သည့် ဥပဒေများရှိပါကလည်း ရှေ့နေချုပ်ရုံးနှင့်တိုင်ပင်၍ ထုတ်ပြန်ရန်လိုကြောင်း၊ အနုပညာသည် တိုင်းပြည်အတွက်သာ ဖြစ်စေရမည်ဖြစ်ပြီး နိုင်ငံရေးအတွက်၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် မဖြစ်စေလိုကြောင်း၊ သတင်းမီဒီယာကောင်စီသည် နိုင်ငံရေးဝါဒမှိုင်းမမိရန်လိုအပ်ပြီး မှန်ကန်သောလမ်းကြောင်းပေါ်တွင်သာ ရပ်တည်သွားရန်လိုအပ်ကြောင်း၊ ထို့ပြင် အဓိကအရေးကြီးသည်မှာ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုကြောင်း။

**ဈေးနှုန်းမှန်ရရှိအောင် ဆောင်ရွက်ပေးရန်လို**

စီးပွားရေးနှင့်ပတ်သက်ပြီး နယ်စပ်ကုန်သွယ်ရေးတွင် စိုက်ပျိုးရေးထွက်ကုန်များနှင့် ပတ်သက်၍ အရှုံးပေါ်မှုများ ရှိနေသည်ဟု သိရကြောင်း၊ ယင်းကိုဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပြီး စိုက်ပျိုးရေးထွက်ကုန်များ ဈေးနှုန်းမှန်ရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် G to G စနစ် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် လုပ်ဆောင်ပေးရန်လိုကြောင်း၊ သီးနှံထွက်ကုန်များအတွက် လိုအပ်သည့် အခြောက်ခံစက်ရုံများ တည်ဆောက်ပြီး ကုန်ချောထုတ်လုပ် ပြန်လည်ရောင်းချရန်လိုကြောင်း၊ ယင်းစက်မှုလုပ်ငန်းများကို အားပေးရမည်ဖြစ်ပြီး ယင်းစက်ရုံများ အဆက်မပြတ်လည်ပတ်နိုင်ရန်အတွက် ကုန်ကြမ်းများ ရရှိရန်လိုကြောင်း၊ ယင်းထုတ်ကုန်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်မှသာ တောင်သူများ၏ စိုက်ပျိုးရေးထွက်ကုန်များ အာမခံချက်ရှိပြီး ဈေးကောင်းရရှိမည်ဖြစ်ကြောင်း၊ သို့မှသာ တိုင်းပြည်ဝင်ငွေမကျဆင်းဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ပညာရေးအပိုင်းတွင် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများကို ပညာသင်ကြားပေးရမည့် တာဝန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ အခြားဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း အလားတူ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုအပ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ထိခိုက်အောင် လုပ်ဆောင်လာပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကို အဆင့်နှင့်လျော်ညီသည့် အထောက်အပံ့များပေးရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ ပညာရေးဝန်ထမ်းများကိုလည်း အလားတူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများရရှိထားသည့် ဘွဲ့အဆင့်အတန်းအပေါ်မူတည်ပြီး အဆင့်အလိုက် စဉ်းစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

**ပြန်လည်တက်ရောက်ရန်လို**

ဝန်ထမ်းများအနေဖြင့်လည်း ရရှိထားသည့် ဘွဲ့အလိုက် အရည်အချင်း ပြည့်ဝနေရန် လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများလေ့ကျင့်ရေးအပိုင်းနှင့်ပတ်သက်၍ ယခင်က နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဖောင်ကြီး၊ ဇီးပင်ကြီးစသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် အဆင့်အလိုက် သင်တန်းများ တက်ရောက်ခဲ့ကြရကြောင်း၊ ယခုအချိန်တွင် သင်တန်းမတက်ရောက်ရသေးသူများ အဆင့်အလိုက် ပြန်လည်တက်ရောက်ရန်လိုကြောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များသည် နိုင်ငံ့ဝန်ထမ်းများအားလုံး တစ်ပြေးညီစည်းကမ်းရှိစေရေးနှင့် ဝန်ထမ်းကောင်းများဖြစ်စေရေးအတွက် လေ့ကျင့်ပေးနေသော သင်တန်းကျောင်းများဖြစ်ကြောင်း၊ သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့အနေဖြင့် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

( ၁၀ - ၅ - ၂၀၂၁ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁)ကို မေလ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့သည် ကြားကာလတာဝန်ယူသည့် အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် အချိန်တိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်၍ရသည်များကို နိုင်ငံအတွက် ကျယ်ကျယ်ပြန့်ပြန့် ဦးစားပေးစဉ်းစား ဆောင်ရွက်ကြစေလိုကြောင်း၊ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အပေါ်တွင် အခြေခံပြီးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မဲစာရင်းမှားယွင်းမှုများနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်နှစ်ခုတွင် စစ်ဆေးဆောင်ရွက်ပြီးဖြစ်ပြီး မဲမသမာမှုများနှင့် အရေးယူဆောင်ရွက်မည့် အခြေအနေများအား နိုင်ငံသို့ အသိပေးသွားမည် ဖြစ်ကြောင်း။

### ၁ သန်း ၉ သိန်းကျော် ထိုးနှံပြီးဖြစ်

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်ပြီး ကမ္ဘာပေါ်တွင် ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံတွင် ကူးစက်မှုနှုန်းအနေဖြင့် ယခုအခါ မေ ၁ ရက်နေ့မှစ၍ ဆေးစစ်နိုင်မှုအရေအတွက်၏ ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းခန့်သာ ရှိကြောင်း၊ သို့သော် အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသဖြင့် မိမိတို့ နိုင်ငံအနေဖြင့်လည်း သတိထားဆောင်ရွက်ရမည်ဖြစ်ပြီး COVID-19

နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် အချို့ စည်းကမ်းချက်များကို လျှော့ပေါ့ပေး၍ မရသေးကြောင်း၊ COVID–19 ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ၁ သန်း ၉ သိန်းကျော် ထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးများ ဆက်လက်ဝယ်ယူရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တက္ကသိုလ်၊ ကောလိပ်များ ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး Social Distancing ကိုလည်း COVID–19 စည်းကမ်းအတိုင်း စံနမူနာပြ ဆောင်ရွက်သွားမည်ဆိုပါက COVID–19 ကာကွယ်ရေးအတွက်လည်း အထောက်အကူပြုမည် ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း COVID–19 ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံတွင် COVID – 19 ကြောင့် လုပ်ငန်းများ ရပ်တန့်ခဲ့ရပြီး စီးပွားရေးနှင့် ပညာရေးတွင် ထိခိုက်ဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ COVID–19 ကြောင့် ကျဆင်းနေသည့် စီးပွားရေးအား ပြန်လည်ကုစားရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ ကောလာဟလများထုတ်လွှင့်ပြီး ဆန္ဒပြမှုများမှ တစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်သည်အထိ ပြုလုပ်လာကြကြောင်း၊ ယခုနောက်ပိုင်း ဆူပူမှုများ အရှိန်ကျလာသော်လည်း ဘဏ်များထိခိုက်အောင် နိုင်ငံရေးအရ ဆောင်ရွက်လာသည်များရှိသဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ COVID–19 ရောဂါဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် စီးပွားရေးကျဆင်းလျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် မဖြစ်မနေဆောင်ရွက်နေရသည့်လုပ်ငန်းမှာ စားသောက်ကုန်လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အားသာချက်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အရည်အသွေးပြည့်မီ၍ အထွက်နှုန်းကောင်းမွန်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များ ရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးမွေးမြူရန်လိုကြောင်း၊ စိုက်ပျိုးရေးသီးနှံများ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သုတေသနပြု စီမံဆောင်ရွက်လျက်ရှိကြောင်း။

**စားသုံးမှုများပြားနေ**

ဆီထွက်သီးနှံသည်လည်း နိုင်ငံ၏အဓိကပို့ကုန်များတွင် ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူတစ်ဦးနှုန်းပျမ်းမျှဆီစားသုံးမှုသည် တစ်နှစ်လျှင် ၄ ဒသမ ၅ ပိဿာခန့်ရှိသဖြင့် စားသုံးမှုများပြားနေသေးကြောင်း၊ ပြည်တွင်း၌ စားသုံးဆီဖူလုံအောင် ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ပြည်ပမှဆီများ တင်သွင်းနေရမှုကြောင့် နိုင်ငံခြားငွေများစွာ ကုန်ကျလျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီ ဖူလုံစွာရရှိနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် ဒေသများတွင် ဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ ဆီအထွက်နှုန်းတိုးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများကျန်းမာရေးနှင့် ကိုက်ညီစေရန် ဆီစားသုံးမှုလျှော့ချနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ပညာပေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် ဆီများစားသုံးနိုင်ရေးအတွက်လည်း ပြည်ပမှတင်သွင်းသည့်

> **မိမိတို့နိုင်ငံတွင်**
> **COVID – 19 ကြောင့်**
> **လုပ်ငန်းများ ရပ်တန့်ခဲ့ရပြီး**
> **စီးပွားရေးနှင့် ပညာရေးတွင်**
> **ထိခိုက်ဆုံးရှုံးမှုများရှိခဲ့၊**
> **COVID–19 ကြောင့်**
> **ကျဆင်းနေသည့် စီးပွားရေးအား**
> **ပြန်လည်ကုစားရေးအတွက်**
> **ဆောင်ရွက်လျက်ရှိ။**

စားသုံးဆီများတွင် ပြန်လည်သန့်စင်ထားသည့် ဆီများ မဖြစ်စေဘဲ အရည်အသွေး အာမခံနိုင်မှုရှိစေရေးအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၇ ဒသမ ၄၂ နှစ်သာ ရှိသဖြင့် အိမ်နီးချင်းနိုင်ငံများတွင် အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဆီများအလွန်အကျွံစားသုံးမှု၊ ဟင်းချိုမှုန့် စားသုံးမှု၊ မူးယစ်ဆေးဝါး၊ အရက်နှင့် ဆေးလိပ်သောက်သုံးမှုများကိုအသိတရားဖြင့် ထိန်းသိမ်းနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်သူများ၏ သက်တမ်းသည် ကမ္ဘာပေါ်တွင် စံချိန်မီသည့် လူ့သက်တမ်းဖြစ်စေရေးအတွက် အာဟာရပြည့်ဝသည့် စားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့်ရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာသည့်နေထိုင် စားသောက်မှုပုံစံ နေထိုင်စားသောက်နိုင်ရေးအတွက် အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

## ငွေသုံးစွဲမှုများ လျှော့ချနိုင်မည်

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည့် တိရစ္ဆာန်အစာများအား ပြည်ပနိုင်ငံများမှ တင်သွင်းနေရမှုများရှိကြောင်း၊ နိုင်ငံအတွင်း တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များ ပေါများစွာရှိသဖြင့် တိရစ္ဆာန်အစာစပ်လုပ်ငန်းများဆောင်ရွက်၍ ပြည်တွင်း၌ လုံလောက်အောင် ထုတ်လုပ်ခြင်းဖြင့် ပြည်ပမှဝယ်ယူသုံးစွဲမှုများ လျှော့ချနိုင်ပြီး နိုင်ငံခြားငွေ သုံးစွဲမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စားသောက်ကုန်များအား ပြည်တွင်း၌ သက်သာသော ဈေးနှုန်းများဖြင့် ဖူလုံအောင်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်ဈေးနှုန်းများအား ပြည်သူများ ဈေးသက်သက်သာသာဖြင့် စားသုံးနိုင်ရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

## ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိ

နိုင်ငံအတွက် အဓိကကျသည့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် SME နှင့် သမဝါယမလုပ်ငန်းများကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် စက်မှုနိုင်ငံကြီးများ၌ပင် သမဝါယမလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် SME နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရန်လိုပြီး ထုတ်ကုန်များအား သမဝါယမစနစ်ဖြင့် တိုက်ရိုက်ရောင်းချနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်သူများအတွက် အကျိုးများစွာဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

ပြည်သူများအသိပညာ မြင့်မားရေးနှင့်ပတ်သက်၍ ပညာတတ်မြောက်ရန် လိုအပ်ပြီး "အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက" ဟု ပညာရေးဆောင်ပုဒ်ရှိကြောင်း၊ အသိတရားနှင့် အမျိုးသားရေးစိတ်ဓာတ်ရှိအောင် ပြောကြားထားခြင်းပင် ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်း မသင်မနေရအခြေခံပညာများကို သင်ကြားရမည်ဖြစ်သည်ဟုပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်၍ နိုင်ငံသားတိုင်း ပညာသင်ကြားခွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ပညာရည်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်နေရမည် ဖြစ်ကြောင်း။

## ထောက်ပံ့ကြေးများပေးအပ်နိုင်ရေး

ပညာရည်မြင့်တင်ရေးနှင့် ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ ဆရာ၊ ဆရာမများအား ၎င်းတို့ရရှိထားသည့် ဘွဲ့အရည်အချင်းများအလိုက် ထောက်ပံ့ကြေးများ

**မိမိတို့နိုင်ငံရှိ ပြည်သူများ၏သက်တမ်းသည် ကမ္ဘာပေါ်တွင် စံချိန်မီသည့် လူ့သက်တမ်းဖြစ်စေရေးအတွက် အာဟာရပြည့်ဝသည့်စားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့်ရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာသည့်နေထိုင် စားသောက်မှုပုံစံ နေထိုင်စားသောက်နိုင်ရေးအတွက် အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်။**

ပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါစာသင်ကျောင်းများပြန်လည်ဖွင့်လှစ်ရန်ဆောင်ရွက်ချိန်တွင် အနှောင့်အယှက်ပြုလုပ်ခြင်းနှင့် ဖျက်ဆီးခြင်းများ ပြုလုပ်လာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာတတ်မြောက်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများနှင့်ပတ်သက်၍ ယခင်အစိုးရများက ရေးဆွဲအတည်ပြုခဲ့သည့် အမျိုးသား ပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းအတိုင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းများ ပြန်လည်မဖွင့်လှစ်နိုင်ရေး နှောင့်ယှက်ဆောင်ရွက်နေမှုများသည် တိုင်းပြည်ဖျက်နေသည့် လုပ်ရပ်ဖြစ်ပြီး ဆိုးရွားသော လုပ်ဆောင်ချက်ဖြစ်ကြောင်း၊ အဆိုပါ အဖျက်လုပ်ငန်း ဆောင်ရွက်နေမှုများကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်သွားရန်လိုကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အားနည်းချက်များနှင့် နိုင်ငံရေးဆိုင်ရာ ထိုးနှက်ချက်များကြောင့် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်ပြီး CDM တွင်ပါဝင်ခဲ့သည့် ဆရာ၊ ဆရာမများ အနေဖြင့်လည်း သက်ဆိုင်ရာကျောင်းများသို့ ဆက်သွယ်သတင်းပို့စေလိုကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ဆရာ၊ ဆရာမများ လိုအပ်ချက်ရှိပါက ဖြည့်တင်းနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံကောင်းကျိုးအတွက် အဓိကထား ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

## ထိရောက်စွာဖော်ထုတ်အရေးယူ

ယင်းနောက် ကောင်စီဝင်များ ဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့က ယခင်အစိုးရလက်ထက်တွင် ငှားရမ်းအသုံးပြုခဲ့သည့် နိုင်ငံခြားသားအကြံပေးများ ငှားရမ်းစရိတ်နှင့် နိုင်ငံတော်လုံခြုံရေး ကျိုးပေါက်မှုကိစ္စရပ်များကို ပြန်လည်စုံစမ်းဖော်ထုတ်သွားရေး၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံကျောင်းများ ဖွင့်လှစ်ချိန်တွင် ကျောင်းသား၊ ကျောင်းသူများစိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးအစီအမံများချမှတ်၍ ပြည်သူလူထုနှင့် လုံခြုံရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းပြည်နှင့် ကျောင်းသားများ၏ အနာဂတ်ကို နှောင့်ယှက်ဖျက်ဆီးသူများအား ထိရောက်စွာ ဖော်ထုတ်အရေးယူရေး၊ ဘဏ်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးနှင့် ပြည်သူများ ယုံကြည်မှုရှိလာအောင် ဆောင်ရွက်ရေး၊ ဆိုလာလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အာမခံချက်ရှိစေရေးအတွက် လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ ပြဋ္ဌာန်းပေးရေး၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် အရည်အသွေးပြည့်ဝသည့် အားကစားနည်းပြများ ထပ်မံခန့်ထားရေး၊ မောင်တောနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေး၊ မြို့ရွာများ အမှိုက်သိမ်းစနစ်နှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ စနစ်တကျရှိစေရေး၊ ဆီထွက်သီးနှံများအတွက် စိုက်ပျိုးစရိတ်ချေးငွေနှင့် စိုက်ပျိုးနည်းစနစ်များ ပံ့ပိုးပေးရေး၊ အခြေခံပညာစာသင်ကျောင်းများတွင် သိပ္ပံနည်းကျ စိုက်ပျိုးရေးပညာရပ်များ ထည့်သွင်းသင်ကြားပေးရေး၊ တနင်္သာရီတိုင်းဒေသကြီး ရှိကျွန်းများနှင့် ဝေးလံခေါင်ဖျားဒေသများတွင် ကျေးလက်ကျန်းမာရေးဌာနများ၊ ဆေးကုသရေးစင်တာများဖွင့်လှစ်ပေးရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ကူညီထောက်ပံ့ပေးရေး၊ မော်လမြိုင်-ရေး-ထားဝယ် မီးရထားလမ်းပြေးဆွဲနိုင်ရေး၊ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်နေမှုအပေါ် တိကျထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ရေး၊ တစ်နှစ်တာပြက္ခဒိန်တွင် အများပြည်သူရုံးပိတ်ရက်သတ်မှတ်ခြင်းကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အားကစားကဏ္ဍနှင့်ပတ်သက်ပြီး မြန်မာ့အားကစား ပြန်လည်မြင့်တင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်

များတွင် ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းများ တည်ဆောက်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မိုးလုံလေလုံ အားကစားရုံများ၊ ဒိုင်ဗင်ထိုးစင်ပါ ရေကူးကန်များ တည်ဆောက်ပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်းမြင့်မားလာစေရန် အားကစားသမားများအတွက် ကြံ့ခိုင်ရေးနည်းပြများနှင့် အားကစားစနစ်နည်းပြများခန့်အပ်ပြီး လေ့ကျင့်ဆောင်ရွက်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်သူလူထု ကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်များအလိုက် လမ်းလျှောက်နိုင်သည့် ဇရိယာများသတ်မှတ် ပြုလုပ်ပေးရန် လိုအပ်ကြောင်း၊ စာသင်ကျောင်းများတွင် အားကစားနည်းပြ ကာယဆရာများ ခန့်အပ်နိုင်ရေးအတွက် သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များတွင် ကာယဆရာများ ပိုမိုလေ့ကျင့် မွေးထုတ်ပေးရမည်ဖြစ်ကြောင်း။

စာပေသင်ကြားရေးနှင့် ပတ်သက်၍ အခြေခံပညာကျောင်းများတွင် ကောင်းမွန်စွာ စာပေသင်ကြားပေးနိုင်မှသာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်များကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် အခြေခံပညာအဆင့်တွင် အလေးထား၍ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း။

အလားတူ မြို့ရွာ စည်ပင်သာယာရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှိုက်သိမ်းစနစ် ကောင်းမွန်ပြီး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမှိုက်စွန့်ပစ်မှုနှင့် ပတ်သက်၍ လူထုကိုအသိပညာပေးပြီး ပြည်သူလူထုပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသည့်ဌာနများအနေဖြင့်လည်း အမှိုက်စွန့်ပစ်သည့်စနစ်နှင့် အမှိုက်သိမ်းသည့်စနစ်တို့ကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရန်လိုကြောင်း။

စားသုံးဆီထုတ်လုပ်မှုနှင့် ပတ်သက်၍ ဆီထွက်သီးနှံများကြိတ်ခွဲရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်အောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ပေးရမည့်အပြင် မျိုးကောင်းမျိုးသန့်၊ မြေဩဇာနှင့် နည်းပညာများထောက်ပံ့ပေးရန်လိုကြောင်း၊ အထွက်နှုန်းတိုး၍ နည်းပညာမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ စိုက်ပျိုးသည့်တောင်သူများ ဝင်ငွေပိုမိုရရှိမည်ဖြစ်ပြီး လူမှုဘဝတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် စပ်လျဉ်း၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် မြန်မာ့ပညာရေးစနစ်အတွက် ခေတ်အဆက်ဆက်များစွာ အထောက်အကူပြုခဲ့ကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာဝန်၊ သူနာပြုများ ခန့်ထားရေးနှင့်ပတ်သက်၍ လိုအပ်လျက်ရှိသည့်နေရာဒေသများတွင် ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူရုံးပိတ်ရက်များ သတ်မှတ်ရာတွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်းကာ လုပ်ငန်းဆောင်ရွက်မှုများ မထိခိုက်အောင် နိုင်ငံတကာနှင့် နှိုင်းယှဉ်စဉ်းစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

■ ■ ■

# ရတနာပုံခန်းမ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

## ( ၁၇ - ၅ - ၂၀၂၂ )




မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ရတနာပုံခန်းမ ဖွင့်ပွဲအခမ်းအနားကို မေလ ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရတနာပုံခန်းမအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကို၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရတနာပုံခန်းမဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး ခန်းမကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကာ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ်

အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

**အဆင့်မီမီ ဆောင်ရွက်ပေးနိုင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးမြို့သည် လမ်းပန်းဆက်သွယ်မှု အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး မြန်မာနိုင်ငံအထက်ပိုင်း ကုန်စည်ကူးသန်းရောင်းဝယ်ရေးဗဟိုဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာမှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသည့် မြို့ကြီးတစ်မြို့ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် ရတနာပုံခန်းမကြီးသည် မန္တလေးနှင့်အနီးဝန်းကျင်တွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည့် အခန်းကဏ္ဍများအတွက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်စေပြီး ကောင်းမွန်သော ဝန်ဆောင်မှုလုပ်ငန်းများကို အဆင့်မီမီဆောင်ရွက်ပေးနိုင်သော ခန်းမအဆောက်အအုံကြီး တစ်ခုဖြစ်ကြောင်း။

အမရပူရခေတ်တွင် ရွှေမြို့တော်ကို "အမရပူရ"၊ နန်းမြို့တော်ကို "မြနန်းဘုံစံ"၊ ရွှေနန်းတော်ကို "အောင်နန်းစံရာ" ဟု ခေါ်ဝေါ်ခဲ့ကြပြီး ရတနာပုံ(မန္တလေး) ခေတ်တွင် ရွှေမြို့တော်ကို "ရတနာပုံ"၊ နန်းမြို့တော်ကို "လေးကျွန်းအောင်မြေ"၊ ရွှေနန်းတော်ကို "မြနန်းစံကျော်" ဟု အသီးသီး ခေါ်ဝေါ်ခဲ့ကြကြောင်းနှင့် မန္တလေးမြို့စတင်တည်ထောင်စဉ်က "ရတနာပုံ"ဟု အမည်သမုတ်ခဲ့သော်လည်း နောင်အခါ "မန္တလေးတောင်" ကိုအစွဲပြု၍ "မန္တလေး" ဟုအမည်ပြောင်းလဲခေါ်ဝေါ်လာခဲ့ကြသည်ကို မှတ်သားတွေ့ရှိရကြောင်း၊ သက္ကရာဇ် ၁၂၂၀ ခုနှစ်တွင် မန္တလေး ရတနာပုံနေပြည်တော်ကြီးကို တည်ထောင်ခဲ့သည့်အတွက် " အုတ် ကျစ် ကျော် အေး မန္တလေး" ဟုလည်း မှတ်ယူခဲ့ကြပြီး မြန်မာနိုင်ငံ၏ မင်းနေပြည်တော်ဖြစ်ခဲ့သည့် အားလျော်စွာ ထီးသုံးနန်းသုံး ဝေါဟာရအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံအမြားအပြား ကျန်ရှိခဲ့သည့် မြို့တော်တစ်ခုလည်းဖြစ်ကြောင်း။

**မြန်မာ့လက်မှုအနုပညာများ**

မန္တလေးရတနာပုံခေတ်တွင် မြန်မာ့လက်မှု အနုပညာများဖြစ်သော ပန်းချီ၊ ပန်းပု၊ ပန်းရန်၊ ပန်းတော့၊ ပန်းပွတ်ပညာရပ်များ၊ ကြေးထည်ဖြင့်ပြုလုပ်သော ပန်းတဉ်းလုပ်ငန်း၊ ကျောက်ဆစ်ပညာဖြစ်သော ပန်းတမော့လုပ်ငန်းများ၊ မှန်စီရွှေချလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်း၊ ပိုးထည်လုပ်ငန်း၊ ရွှေချည်ထိုးလုပ်ငန်း၊ မျက်ပါးခတ်လုပ်ငန်းစသည့် မြန်မာ့လက်မှုအနုပညာများ ထွန်းကားခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မင်းတုန်းမင်းကြီးသည် သာသနာကို လေးစားသောမင်းဖြစ်သည့် အားလျော်စွာ ၁၂၃၃ ခုနှစ်တွင် ပိဋကတ်သုံးပုံကို ပဉ္စမသင်္ဂါယနာတင်ပြီးနောက် ကျောက်ပြား ၇၂၉ ချပ်ပေါ်တွင် ကမ္ပည်းအက္ခရာတင်ပြီး မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဝန်းအတွင်း စိုက်ထူကိုးကွယ်ခဲ့ကြောင်း၊ ဘုရားဝန်းအတွင်းရှိ နှစ် ၁၅၀ နီးပါးသက်တမ်းရှိပြီဖြစ်သည့် ပိဋကတ်ကျောက်စာများကို ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ယူနက်စကိုအဖွဲ့က Memory of the World Register စာရင်းတွင် သမိုင်းအမွေအနှစ်တစ်ခုအဖြစ် ၂၀၁၃ ခုနှစ်၌ စာရင်းသွင်းခံခဲ့ရမှုသည် မန္တလေးမြို့၏ နက်ရှိုင်းသောယဉ်ကျေးမှုကို မြန်မာသာမက ကမ္ဘာကပါ အသိအမှတ်ပြုခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

၁၈၈၅ ခုနှစ်တွင် တိုင်းတစ်ပါး ကျူးကျော်သိမ်းပိုက်မှုခံခဲ့ရကာ နန်းတွင်းလက်ရာ ပစ္စည်းများကိုဖျက်ဆီး၍ အချို့ကိုယူဆောင်သွားခဲ့ကြပြီး ဒုတိယကမ္ဘာစစ်အတွင်း

**ယနေ့ဖွင့်လှစ်လိုက်သည့်**
**ရတနာပုံခန်းမကြီးသည်**
**မန္တလေးနှင့်အနီးဝန်းကျင်တွင် နေထိုင်ကြသည့်**
**တိုင်းရင်းသား ပြည်သူလူထု၏**
**စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည့်**
**အခန်းကဏ္ဍများအတွက်**
**လူနေမှုအဆင့်အတန်း**
**ပိုမိုမြင့်မားတိုးတက်စေပြီး ကောင်းမွန်သော**
**ဝန်ဆောင်မှုလုပ်ငန်းများကို အဆင့်မီမီ**
**ဆောင်ရွက်ပေးနိုင်သော**
**ခန်းမအဆောက်အအုံကြီးတစ်ခုဖြစ်။**

တွင် ဗုံးဒဏ်ကြောင့် မီးလောင်ကျွမ်းခဲ့ရသဖြင့် စစ်ဘေး စစ်ဒဏ်ကိုခံစားခဲ့ရသော်လည်း ရိုးရာအမွေအနှစ်များ လက်ဆင့်ကမ်းနိုင်သည့် မန္တလေးမြို့သည် လွတ်လပ်ရေး ရရှိပြီးချိန်မှ ယနေ့အထိ ဘာသာရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် စီးပွားရေးအဓိကဗဟိုချက်အဖြစ် ဆက်လက်တည်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ရှေးကာလကပင် မန္တလေးမြို့သည် ကမ္ဘာတွင် လူသိများသည့်အတွက် အင်္ဂလန်နိုင်ငံမှ စာရေးဆရာတစ်ဦးဖြစ်သူ “ဘီသီယာ မေရီခရိုကာ” Bithia Mary Croker (U.K)က The Road To Mandalay – Tale Of Burma ဆိုသည့် စာအုပ်ကို ၁၉၁၇ ခုနှစ်တွင်ထုတ်ဝေခဲ့ပြီး အဆိုပါခေတ်က မန္တလေးမြို့၏ ကြီးကျယ်ခမ်းနားမှု၊ သာယာလှပမှု၊ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားမှုများကို ဖော်ညွှန်းရေးသားထုတ်ဝေခဲ့ရာ လူကြိုက်များသည့်အတွက် အကြိမ်ကြိမ်ထပ်မံထုတ်ဝေခဲ့ရကြောင်း၊ ထို့အပြင် အမေရိကန်နိုင်ငံသား တေးဂီတပညာရှင်တစ်ဦးဖြစ်သည့် “အိုလေ စပိခ်–စ်” Oley Speaks က On The Road To Mandalay ဆိုသည့် သီချင်းကို ၁၉၀၇ ခုနှစ်တွင် ရေးသားစပ်ဆိုခဲ့ရာ မန္တလေးမြို့ကိုဖော်ညွှန်းသော အောင်မြင်သည့်သီချင်းအဖြစ် ကမ္ဘာတွင် လူသိများနာမည်ကြီးခဲ့သည်ကို တွေ့ရှိရကြောင်း။

မန္တလေးဟုဆိုလိုက်ပါက ဂီတစာဆို အကျော်အမော်ဟုဆိုရမည့် အလင်္ကာကျော်စွာဘွဲ့ရ ဆရာကြီး မြို့မငြိမ်းပါမှ ပြည့်စုံသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ဆရာကြီး၏ တေးဂီတပြုစုဖွဲ့ဆိုမှုများသည် ယနေ့ထက်တိုင် ခေတ်မီဆဲ၊ ကျော်ကြားဆဲ၊ ဂန္ထဝင်မြောက်ဆဲဖြစ်ကြောင်း၊ အလားတူ ဆရာကြီးမြို့မငြိမ်းဟု ပြောလိုက်ပါက ဆရာကြီးတို့စတင်တည်ထောင်ခဲ့သည့် မြို့မတေးဂီတအဖွဲ့သည်လည်း ခွဲခြားလို့မရနိုင်ကြောင်း၊ ထို့ကြောင့် ယနေ့ ဖွင့်ပွဲအခမ်းအနားတွင် မြို့မတေးဂီတအဖွဲ့က ပါဝင်ဖျော်ဖြေပေးနိုင်ပါကကောင်းမွန်မည်ဟု ဆန္ဒပြုခဲ့ပြီး ယခုကဲ့သို့ ပါဝင်ဖျော်ဖြေပေးသည့်အတွက် အင်မတန်ဝမ်းမြောက်ကျေးဇူးတင်ကြောင်း။

### လူမျိုးပေါင်းစုံ သက်ဝင်လှုပ်ရှား

ကုန်းဘောင်မင်းဆက် နန်းစိုက်ရာ ရတနာပုံမန္တလေးမြို့သည် နန်းအဆောင်အယောင်နှင့် ခမ်းနားသကဲ့သို့ မြို့ပြင်လေးရပ်တွင်လည်း အရောင်းအဝယ်များဖြစ်ထွန်းရာ လူဦးရေ ၂ သိန်းခန့်အထိ နေထိုင်ခဲ့ပါကြောင်း၊ မင်းတုန်းမင်းလက်ထက် မန္တလေးမြို့ပြင်လေးရပ်တွင် အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီ၊ ပေါ်တူဂီ၊ ယိုးဒယား (ထိုင်း)၊ တရုတ်စသည့် လူမျိုးပေါင်းစုံသက်ဝင်လှုပ်ရှားခဲ့ပြီး နေထိုင်ရေးအတွက် အလုပ်အကိုင်နှင့် လူမျိုးအမည်အလိုက် နေရာချထားပေးခဲ့သကဲ့သို့ ကိုးကွယ်ယုံကြည်မှုအနေဖြင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားပြီး မိမိတို့ကိုးကွယ်ရာ ဘာသာအလိုက် စေတီ၊ ပုထိုးနှင့် ဘုရားရှိခိုးကျောင်းများကိုလည်း ဆောက်လုပ်ခွင့်ပြုခဲ့သည်ကို မှတ်တမ်းများအရ လေ့လာသိရှိခဲ့ရကြောင်း၊ မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ အလယ်ဗဟိုတွင်တည်ရှိသကဲ့သို့ မြန်မာ့ယဉ်ကျေးမှုတို့ စုဝေးရာဒေသလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများ၏ အဓိကစီးပွားရေးဗဟိုချက်ဖြစ်ပြီး မှတ်တမ်းများအရ လူဦးရေ ၁ ဒသမ ၄ သန်းရှိပြီး ကိုးကွယ်ယုံကြည်မှုအနေဖြင့် ဗုဒ္ဓဘာသာ ၉၃ ဒသမ ၈ ရာခိုင်နှုန်း၊ ခရစ်ယာန် သုည ဒသမ ၆ ရာခိုင်နှုန်း၊ ဟိန္ဒူ သုည ဒသမ ၈ ရာခိုင်နှုန်း၊ အစ္စလာမ် ၄ ရာခိုင်နှုန်းနှင့် အခြား သုည ဒသမ ၈ ရာခိုင် နှုန်းတို့ပေါင်းစည်းနေထိုင်ကြသည့် နေရာဒေသလည်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအထက်ပိုင်း၏ ယဉ်ကျေးမှုနှင့် စီးပွားရေးဗဟိုချက်မဖြစ်သည့် မန္တလေးမြို့ကြီးတွင် ယခုကဲ့သို့ ရတနာပုံခန်းမကြီး တည်ဆောက်ဖွင့်လှစ်ရခြင်းမှာ နိုင်ငံတော်

**မိမိတို့တာဝန်ယူရခြင်းသည်**
**အရေးပေါ်ကာလ**
**ခဏတာမျှ ဖြစ်သော်လည်း**
**တတ်နိုင်သမျှ ဒေသစီးပွား**
**ဖွံ့ဖြိုးတိုးတက်အောင်၊ ပညာရေးကဏ္ဍတွင်**
**နောက်ကျမကျန်ခဲ့ရအောင်**
**ကြိုးစားဆောင်ရွက်သွားမည်ဖြစ်။**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်အဆင့် အခမ်းအနားကြီးများအပါအဝင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခမ်းအနားများကျင်းပနိုင်ရန်၊ မြို့ဂုဏ်ကျက်သရေဆောင်ခမ်းနားထည်ဝါသည့်ခန်းမကြီးအဖြစ် တည်ရှိနေစေရန်ဆိုသည့် ရည်ရွယ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏများစွာဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မန္တလေးမြို့တွင် တည်ဆောက်ထားရှိပြီးဖြစ်သည့် ခန်းမများရှိပြီးဖြစ်သော်လည်း တိုးပွားလာသောလူဦးရေ၊ မြင့်မားလာသော လူနေမှုအဆင့်အတန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်အခြေခံ၍ လူဦးရေပိုမိုဝင်ဆံ့နိုင်သည့်ကျယ်ဝန်းမှု၊ ခေတ်မီဆန်းသစ်မှု၊ နည်းပညာအသုံးချနိုင်မှုများဖြင့် အကောင်းမွန်ဆုံးသော ဝန်ဆောင်မှုများပေးနိုင်မည့် ခန်းမကြီးတစ်ခုလိုအပ်သည်ကို တွေ့ရှိရကြောင်း၊ မိမိကိုယ်တိုင်လည်း မန္တလေးတွင်လူလားမြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတတ်နိုင်သည့် အချိန်တွင် ၇၈ လမ်းနှင့် ၃၈ လမ်းထောင့်ယခုနေရာတွင် ယခုကဲ့သို့ခံ့ညားထည်ဝါသော ခန်းမကြီးတစ်ခုအဖြစ် တည်ဆောက်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်ကတည်းက ရည်ရွယ်ဆုံးဖြတ်ခဲ့ပြီး အကောင်အထည်ဖော်စေခဲ့ခြင်းဖြစ်ကြောင်း၊ ရတနာပုံခန်းမကြီးအား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားပြုလုပ်၍ စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၃၀ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ မန္တလေးမြို့၏ အချက်အချာနေရာတစ်ခုဖြစ်သည့် ၇၈ လမ်း၊ ၃၈ လမ်းထောင့် မြေဧရိယာ ၆ ဧကပေါ်တွင် ဆောက်လုပ်ထားရှိခြင်းဖြစ်ပြီး တည်ဆောက်ရာတွင် မန္တလေးမြို့၏ ကျက်သရေဆောင် နန်းမြို့မြန်မာမှုအသွင်အပြင်နှင့် ခေတ်မီနည်းပညာများပေါင်းစပ်၍ မြို့တော်ဂုဏ်အင်္ဂါရပ်နှင့်လိုက်ဖက်တင့်တယ်စေမည့် ဒီဇိုင်းများအဖြစ် ပုံဖော်ဖန်တီးပြီး ခမ်းနားထည်ဝါစွာတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

### ကျင်းပဆောင်ရွက်နိုင်မည်

ရတနာပုံခန်းမကြီးသည် လူဦးရေ ၁၂၀၀ ဝင်ဆံ့ပြီး စီးပွားရေး၊ကျန်းမာရေး၊ ပညာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(Workshop)များ၊



အစည်းအဝေး (Meeting)များ၊ ရှင်ပြုရဟန်းခံ နားထွင်း နားသအလှူပွဲ၊ မင်္ဂလာဆောင်ပွဲ၊ အထိမ်းအမှတ် ညစာ စားပွဲ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲများ၊ တေးဂီတဖျော်ဖြေပွဲ များ စသည့်အခမ်းအနားပွဲများအပြင် ဒေသဖွံ့ဖြိုးရေး ကိစ္စများ၊ ဈေးရောင်းပွဲတော်များနှင့် နိုင်ငံတကာကုန်စည် ပြပွဲများကိုပါ ကျင်းပဆောင်ရွက်နိုင်မည်ဖြစ်ပြီး ခေတ်မီ နည်းပညာများနှင့် ဓာတ်လှေကား၊ စက်လှေကားများ၊ အသံပိုင်းဆိုင်ရာစနစ်များ၊ မီးသတ်စနစ်နှင့် လုံခြုံရေး စနစ်များကိုပါ ထည့်သွင်းတည်ဆောက်ထားကြောင်း။

မြန်မာနိုင်ငံ၏ ကုန်းဘောင်မင်းဆက် မြို့တည် နန်းတည်ရာ ဖြစ်ခဲ့သည့် မန္တလေးမြို့သည် သမိုင်း အစဉ်အလာရှိမှုနှင့် ယဉ်ကျေးမှုအစဉ်အလာကြီးမားမှု များဖြင့် ထင်ရှားသည့် မြို့တစ်မြို့လည်းဖြစ်ကြောင်း၊ ထို့အပြင် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ဒေသများသည် နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာမှု များပြားသော ဒေသဖြစ်သည့်အတွက် မြို့တော်အင်္ဂါရပ် နှင့် လိုက်လျောညီထွေဖြစ်စေမည့် မြို့ကျက်သရေဆောင် ခန်းမကြီးတစ်ခုကို အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခြင်း ဖြစ်သည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်မိကြောင်း၊ ယခုလက်ရှိရတနာပုံခန်းမကြီးနှင့် ကပ်လျက်တည်ရှိ သည့် ၃၈ လမ်း ဖောက်လုပ်ထားသောမြေဧရိယာသည် ရှေးယခင်ကတည်းက တပ်ပိုင်မြေဖြစ်ပြီး အများပြည် သူ အသုံးပြုနိုင်ရန်အလို့ငှာ လမ်းမကြီးဖြတ်သန်း ဖောက်လုပ်နိုင်ရေးအတွက် မိမိတာဝန်ယူသည့်အချိန် တွင် တပ်မတော်မှ မြို့တော်စည်ပင်သာယာရေးကော် မတီကို လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ကျွဲ ဆည်ကန်စက်မှုဇုန် (၂) အနီး မြို့သစ်မှ ရန်ကုန်-မန္တလေး ကားလမ်းမကို ပတ်သွားနေရခြင်းကြောင့် ကမ္ဘာ့ရတနာ ဘဏ်အနီးတွင်ရှိသည့် တပ်မတော်ပိုင်ကန်တိုမင်မြေပေါ် ဖြတ်သန်း၍ လမ်းနှစ်ခုဆက်ပြီးဖောက်လုပ်နိုင်ရေး တင်ပြလာခဲ့သည့်အတွက် လွှဲပြောင်းပေးခဲ့ရာ ယခု ဖောက်လုပ်ထားသော ၁၁၇ လမ်းအဖြစ် မြင်တွေ့ကြရ မည်ဖြစ်ကြောင်း၊ ထို့အပြင် မန္တလေးတောင်ခြေအနီး အိမ်ခြေ ၆၁၁ လုံး၊ အိမ်ထောင်စု ၇၈၉ စုရှိသည့် ဘုန်း တော်တိုးရပ်ကွက်ကြီးတစ်ခုလုံးသည် တပ်မြို့စည်ပင် ကန်တိုမင်နယ်မြေအတွင်းတွင် ရှိသည့်အတွက် မြို့ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူများ၏ အကျိုးစီးပွား တိုးတက်စေရေးအလို့ငှာ မိမိတို့မှ မန္တလေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့ထံ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည့်အတွက် လူနေမှုအဆင့်အတန်း မြင့်မားရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက် ရေး၊ လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေး နှင့် မြို့ကွက်ပုံစံ စနစ်တကျ ဖြစ်စေရေးတို့အတွက် အထောက် အကူဖြစ်စေခဲ့ကြောင်းကိုလည်း အသိပေးပြောကြားလို ကြောင်း။

သမိုင်းအစဉ်အလာကြီးမားပြီး စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု အလားအလာကောင်းများရှိနေသည့် မန္တလေး မြို့တွင်လိုအပ်လျက်ရှိသည့် အခြေခံအဆောက်အဦများ ယခုကဲ့သို့ တည်ဆောက်ပေးခြင်းဖြင့် ဒေသခံပြည်သူများ အနေဖြင့်လည်း မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများကို ခမ်းနားထည် ဝါစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဒေသနေပြည်သူများ၏ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း တစ်တပ်တစ်အား အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန် ယူရခြင်းသည် အရေးပေါ်ကာလ ခဏတာမျှ ဖြစ်သော် လည်း တတ်နိုင်သမျှ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်အောင်၊ ပညာရေးကဏ္ဍတွင် နောက်ကျမကျန်ခဲ့ရအောင် ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းသည် ပဲ၊ နှမ်း၊ ငရုတ်အပါအဝင် နှစ်ရှည်သီးနှံများ အဓိကထား စိုက်ပျိုးထုတ်လုပ်ပြီး ရွှေချည်ထိုး၊ ကြိုးကြီးချိတ်အပါ အဝင် အထည်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ လက်မှုလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်နေသည့် တိုင်းတစ်ခုဖြစ်ကြောင်း၊ ဒေသထုတ်ကုန်ကို အခြေခံ သည့် စက်မှုလုပ်ငန်းများ၊ အခြားစက်မှုလုပ်ငန်းများ များစွာ ဆောင်ရွက်နေသည့်အတွက် ရေခံမြေခံကောင်း သည့် မန္တလေးတိုင်းသည် နိုင်ငံတော်က အားကိုးရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို အဓိကအခြေခံ သည့် တန်းဖိုးမြင့်ထုတ်ကုန်လုပ်ငန်းများ ဖြစ်စေရေး ကြိုးစားဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၇ - ၅ - ၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၁၇ ရက်မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမောင်မောင်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကိုက မန္တလေးတိုင်းဒေသကြီး အတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများ၊ COVID -19 ရောဂါကာကွယ်ဆေး ထိုးနှံဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းက စည်ပင်သာယာရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လျှပ်စစ်မီးဖုလုံရေး၊ ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မန္တလေးမြို့တော်သည် လွန်ခဲ့သည့် ဆယ်စုနှစ်ကတည်းက စတင်ပြောင်းလဲလာခဲ့ပြီး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကိုတွေ့ရှိရကြောင်း၊ မြို့တော်သန့်ရှင်း သာယာလှပရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများ၏ ပါဝင်မှုသည် အဓိက အရေးကြီးပြီး ပြည်သူများက တစ်ဦးချင်း ကိုယ်စီအသိဖြင့် ပါဝင်ပါက မြို့တော်သည် သန့်ရှင်းသာယာနေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ရေထုတ်စနစ် အလွန်အားနည်းခဲ့သဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပြီး အမြန်ဆုံးအဖြေရှာပြုပြင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် ရေ၏ထုထည်၊ စီးဝင်မှုနှင့် ရေစီးကြောင်းတစ်လျှောက် ရေမြောင်းအကျယ်ပမာဏတို့ကို စနစ်တကျတွက်ချက်ရန်လိုကြောင်း၊ ရေ၏ထုထည်ကြီးမားသည်နှင့်အမျှ ၎င်းရေထုကို လွယ်ကူစွာ စီးဆင်းစေနိုင်ရေးအတွက် ရေမြောင်းများ ဖောက်လုပ်ရာတွင် အကျဉ်းမှ အကျယ်သို့ တဖြည်းဖြည်းချင်း ကူးပြောင်းဖောက်လုပ်နိုင်ရေး တွက်ချက်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

## တစ်ဧကအထွက်နှုန်းတိုးစေရေး

ရေပေးဝေရေးအတွက် မြေအောက်ရေ ပေးဝေရေးနှင့် ပတ်သက်၍ မြေအောက်ရေကို အတတ်နိုင်ဆုံး ထုတ်ယူမသုံးစွဲစေလိုဘဲ ဧရာဝတီမြစ်နှင့် မြစ်ငယ်မြစ်တို့မှ မြစ်ရေကိုတင်ယူကာ သုံးစွဲနိုင်ရေး လုပ်ဆောင်ကြစေလိုကြောင်း၊ မြစ်ရေတင်စီမံကိန်းများလုပ်ဆောင်ရာတွင် လိုအပ်မည့် လျှပ်စစ်ဓာတ်အားများကို ဆိုလာစနစ်ဖြင့် သုံးစွဲနိုင်ရေး လုပ်ဆောင်ရန်လိုကြောင်း၊ မန္တလေးတိုင်းဒေသကြီး၏ ဆန်ဖူလုံမှုသည် ၆၈ ရာခိုင်နှုန်းခန့်သာရှိသည့်အတွက် ပြင်ပမှ ဆန်များကို ဝယ်ယူစားသုံးနေရသည်ဟု သိရှိရကြောင်း၊ ဝယ်ယူစားသုံးနေရသည့် ဆန် ၄၃ ရာခိုင်နှုန်းခန့်ကို ဖူလုံမှုရှိစေရေးအတွက် ၁ ဧက အထွက်နှုန်းတိုးစေရေးနှင့် နွေစပါးရရှိအောင် စိုက်ပျိုးရမည်ဖြစ်ပြီး မြစ်ရေတင် စီမံကိန်းများမှတစ်ဆင့် ဒေသ၏ လိုအပ်သည့် သုံးရေနှင့် စိုက်ပျိုးရေများကို ပေးဝေနိုင်ပါက ဒေသတိုးတက်မှုနှင့် လူနေမှုဘဝကို ပိုမိုအထောက်အကူ ဖြစ်လာစေမည်ဖြစ်ကြောင်း။

ထို့ပြင် လက်ရှိ မြို့တွင်းလမ်းများ ချဲ့ထွင်ရာ၌ ဆိုင်ကယ်မောင်းနှင်ရန် လမ်းကြောင်းကို ထည့်သွင်းစဉ်းစားပြီး ပလက်ဖောင်းနှင့် မျဉ်းဝါအကြားတွင် ဆိုင်ကယ်လမ်းကြောင်း သတ်မှတ်ထည့်သွင်းရန်လိုကြောင်း၊ အထွက်နှုန်း တိုးပွားအောင် စိုက်ပျိုးမြေဧက တိုးချဲ့စိုက်ပျိုးပါက မြေဧကအတွက် အကုန်အကျများမည်ဖြစ်သဖြင့် အထွက်နှုန်းကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် စိုက်ပျိုးရေး အသိပညာဗဟုသုတများ တိုးပွားအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာလျှင် ဒေသတွင်း ငွေကြေးကြွယ်ဝမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ် ထိုမှတစ်ဆင့် တိုင်းပြည်ကို ကြွယ်ဝချမ်းသာလာစေနိုင်မည်ဖြစ်ကြောင်း။

> **နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးဖူလုံရန်၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန်၊ ဆက်သွယ်မှုစနစ် ကောင်းမွန်ရန်နှင့် ကျန်းမာရေးနှင့် ပညာရေးစနစ် ကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းတို့ရှိရန် လိုအပ်၊ လူသားအရင်းအမြစ်ကောင်းရရှိရန်အတွက် ကျန်းမာရေး၊ ပညာရေးတို့ကို အားပေးရမည်ဖြစ်။**

## လူသားအရင်းအမြစ်ကောင်းရရှိရန်

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးဖူလုံရန်၊ လမ်းပန်း ဆက်သွယ်မှုကောင်းမွန်ရန်၊ ဆက်သွယ်မှုစနစ်ကောင်းမွန်ရန်နှင့် ကျန်းမာရေးနှင့် ပညာရေးစနစ်ကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းတို့ရှိရန် လိုအပ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်းရရှိ

**စိုက်ပျိုးရေးတွင် အောင်မြင်စေရန် မြေ၊ ရေ၊ နည်း၊ မျိုးတို့ကို ကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးရေး နည်းစနစ်များကို တောင်သူများသို့ ဝေမျှပေးနိုင်ရမည်ဖြစ်၊ မွေးမြူရေးတွင် အထွက်ကောင်းမွန်သည့် ကျန်းမာသန့်ရှင်းသည့် မွေးမြူရေးစနစ် ဖြစ်ရန် လိုအပ်။**

ရန်အတွက် ကျန်းမာရေး၊ ပညာရေးတို့ကို အားပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူသားအရင်းအမြစ်များ ထွက်ပေါ်လာစေရန် အလွန်အရေးကြီးသည့် ပညာတတ်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရေး ပညာရေးကို အားပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၅ နှစ်အထက် လုံးဝကျောင်းမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်း ခန့်ရှိကြောင်း၊ ထို့ကြောင့် လုံးဝစာသင်ကြားဖူးခြင်းမရှိသူများကို အသုံးလုံး ပညာသင်ကြားပေးနိုင်ရေး၊ စာမတတ်မြောက်သူ ပပျောက်ရေး စီမံချက်များရေးဆွဲ၍ ပညာရေးပြဿနာကို အဖြေရှာကြရန်လိုအပ်မည် ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မသမာသူလူအုပ်စုအချို့က ကျောင်းများပြန်လည် ဖွင့်လှစ်နိုင်မှုမရှိအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်သည် သဘာဝဘေးအန္တရာယ်ကြောင့်မဟုတ်ဘဲ အသိဉာဏ်ခေါင်းပါးသည့် လူတချို့က နိုင်ငံတော်၏ မျက်နှာကို မကြည့်ဘဲ လုပ်ဆောင်မှုများကြောင့် နစ်နာပျက်စီးနေရသည်ကို ဝိုင်းဝန်းဖြေရှင်းကြရမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရေးတွင် ပညာရေးဝန်ထမ်းများဖြင့်သာမက အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပါဝင်မှသာလျှင် စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးတွင် နောက်ကျကျန်နေခဲ့ပါက ရေရှည်တွင် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများစွာရှိနိုင်ကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို စာပေပညာ သင်ကြားပေးရန် တာဝန်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် မိမိဆန္ဒနှင့် မကိုက်ညီသည်များရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ အလုပ်တာဝန်နှင့် မိမိတို့၏ ခံစားချက်များကို ခွဲခြားသိမြင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံတိုင်းတွင် အစိုးရကို ဆန့်ကျင်သည်များရှိသော်လည်း နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်အောင် မလုပ်ဆောင်ကြကြောင်းနှင့် မိမိတို့နိုင်ငံ၌ စက်ရုံ၊ အလုပ်ရုံများ၊ ဈေးများကို မီးရှို့ခြင်း၊ နိုင်ငံတော်၏ အုပ်ချုပ်မှုအဆောက်အအုံများကို ဖုံးခွဲဖျက်ဆီးခြင်းများ၊ လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းများကို နည်းမျိုးစုံဖြင့် ဖြတ်တောက်ပိတ်ဆို့ခြင်းများ လုပ်ဆောင်နေကြသည်ကို တွေ့မြင်နေကြရပြီး နိုင်ငံတော်၏ မျက်နှာကိုမကြည့်ဘဲ လုပ်ဆောင်နေခြင်းများ ဖြစ်သဖြင့် စိုးရိမ်ပူပန်နေကြရကြောင်း။

## ဝေမျှပေးနိုင်ရမည်

မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ဆောင်ကြသဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တို့ကို ရေရှည်စီမံကိန်းဖြင့် တိုးချဲ့လုပ်ဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အောင်မြင်စေရန် မြေ၊ ရေ၊ နည်း၊ မျိုးတို့ကို ကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများသို့ ဝေမျှပေးနိုင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးတွင် အထွက်ကောင်းမွန်သည့်၊ ကျန်းမာသန့်ရှင်းသည့် မွေးမြူရေးစနစ်ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှု

များအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးမှုမရှိခြင်းနှင့် နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းလာမှုအခြေအနေများကြောင့် ယာယီသမ္မတ၏ တာဝန်လွှဲအပ်မှုအရ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ နိုင်ငံတော်၏ တာဝန်ကို လွှဲပြောင်းတာဝန်ယူခဲ့ရကြောင်း၊ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ကာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်တို့ကိုချမှတ်၍ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ခေတ္တတာဝန်ယူထိန်းသိမ်းနေခြင်းသာဖြစ်ပြီး တာဝန်ယူဆောင်ရွက်နေသည့် ကာလအတွင်း အတတ်နိုင်ဆုံးအကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက်လည်း ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပြီး အားကစားအောင်မြင်မှုများမှတစ်ဆင့် အမျိုးသားရေးစိတ်ဓာတ် ခိုင်မာမြင့်မားရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်အလိုက် မီတာ ၄၀၀ ပြေးလမ်းပါ အားကစားကွင်းများတည်ဆောက်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုတွေ့ဆုံပွဲအပြီး၌လည်း မန္တလေးမြို့ရှိ အားကစားရုံ၊ ကွင်းများအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်း ပီသစွာ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် အားလုံးပါဝင်ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်းအုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိဒေသကို၊ မိမိတိုင်းပြည်ကို တိုးတက်ကောင်းမွန်စေလိုသည့်စိတ်ထား၍ နိုင်ငံ့ဝန်ထမ်းကောင်း ပီသစွာဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# သပိတ်ကျင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် နယ်မြေခံတပ်မတော် တန်းမြင့်သင်တန်းကျောင်းမှ သင်တန်းသားများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၇ - ၅ - ၂၀၂၁ )




တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော် ကာကွယ်ရန်ဖြစ်ပြီး တပ်မတော်သားတိုင်း၏ စွမ်းရည် တိုးတက်မြင့်မားစေရေးအတွက် အတန်းပညာ၊ အတတ် ပညာများနှင့် ရာထူးအဆင့်နှင့်လျော်ညီသည့် လေ့ကျင့် မှုများကို သင်တန်းကျောင်းအသီးသီးတွင် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်းနှင့် မိမိတို့တစ်ဦးချင်း၏ တာဝန်များကို ထမ်းဆောင်ရာတွင် စစ်သားကောင်းပီသ စွာဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရန်လိုအပ် ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၁၇ ရက် မွန်းလွဲပိုင်းတွင် သပိတ်ကျင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် နယ်မြေခံ တပ်မတော် တန်းမြင့်သင်တန်းကျောင်းမှ သင်တန်းသား များအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်း ပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် သပိတ်ကျင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်တွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ စစ်သည်တစ်ဦးချင်းစီ၏ စွမ်းရည်မြင့်တင် ပေးရန်၊ မိမိတို့၏ တာဝန်များကို ထမ်းဆောင်ရာတွင် အရည်အချင်းပြည့်ဝစွာထမ်းဆောင်နိုင်စေရေး ယခုကဲ့သို့

သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေရခြင်းဖြစ်ကြောင်း၊ တပ်မတော် တန်းမြင့်သင်တန်းကျောင်းများသည် စစ်သည်များ၏ တစ်ဦးချင်းစွမ်းရည်နှင့် အဖွဲ့လိုက်စွမ်းရည်များကို မြှင့်တင်ပေးနေသည့် ကျောင်းများပင်ဖြစ်ကြောင်း၊ သင်တန်းများတက်ရောက်နေစဉ်အတွင်း သင်ကြားပေးသည့် ပညာရပ်များကို စနစ်တကျလေ့ကျင့်သင်ယူထားရှိမှသာလျှင် မြေပြင်လက်တွေ့အခြေအနေ၌ မှန်မှန်ကန်ကန်ဖြင့် ပြန်လည်အသုံးချနိုင်မည်ဖြစ်ကြောင်း၊ စစ်မြေပြင် တာဝန်ထမ်းဆောင်ရာတွင် ကြံ့ခိုင်မှု မပြည့်ဝပါက တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နိုင်မည်မဟုတ်၍ တစ်ဦးချင်း လေ့ကျင့်မှုများနှင့် အဖွဲ့လိုက်လေ့ကျင့်မှုများကို မှန်မှန်ကန်ကန် လေ့ကျင့်ကာ တပ်မတော်သားတစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် ကျန်းမာကြံ့ခိုင် သန်စွမ်းမှုများရှိနေရန် လိုကြောင်း။

**မွန်မြတ်သည့်စိတ်ဆန္ဒ**

အရည်အချင်းပြည့်ဝသည့် စစ်သည်များနှင့် အရည်အချင်းပြည့်ဝသည့် တပ်များဖြစ်စေရေးအတွက် မှာကြားရာတွင် တပ်မတော်သားတိုင်းသည် နိုင်ငံတော်နှင့် ပြည်သူကို ကာကွယ်မည်ဟူသည့် မွန်မြတ်သည့်စိတ်ဆန္ဒဖြင့် တပ်မတော်သို့ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှမပါရှိဘဲ Volunteer ဝင်ရောက် အမှုထမ်းကြသူများဖြစ်ကြောင်း၊ သင်တန်းကျောင်းများမှ သင်ကြားပေးလိုက်သည့် ပညာရပ်များသည် သဘောသဘာဝကို သင်ကြားပြသပေးလိုက်ခြင်းသာဖြစ်သဖြင့် မြေပြင်လက်တွေ့ကြုံတွေ့လာရသည့် အခက်အခဲများကို မိမိတို့၏ ထိုးထွင်းကြံဆမှုနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ ကြုံတွေ့လာရသည့် အခက်အခဲများကို ဆန်းစစ်ပြီး တွေးခေါ်မြော်မြင်မှုဖြင့် ကျော်ဖြတ်နိုင်ရေးအတွက် ဉာဏ်ပညာကို အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ ထိုသို့အသုံးချနိုင်ရေးအတွက် အသိပညာနှင့် ပြည့်စုံရန်လိုအပ်သည့်အတွက် မိမိတို့၏ အားလပ်ချိန်များတွင် အကျိုးရှိစေမည့် စာအုပ်စာပေများကို ဖတ်မှတ်ကြရန်လိုကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်သည့်အတွက် အသေးအဖွဲကအစ စည်းကမ်းလိုက်နာရမည်ဖြစ်ကာ မိမိတို့တစ်ဦးချင်းနှင့် တပ်များ စွမ်းရည်မြင့်မားရေးအတွက် ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် မှန်မှန်ကန်ကန်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သည့်အတွက် စစ်သည်တစ်ဦးချင်းအနေဖြင့် တပ်မတော်သားတစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် ကျန်းမာကြံ့ခိုင်မှုရှိရန်နှင့် ပင်ပန်းဆင်းရဲမှုများကို ခံနိုင်ရည်ရှိအောင် လေ့ကျင့်ကြရမည်ဖြစ်ကြောင်း။

> **တပ်မတော်သားတိုင်းသည်**
> **နိုင်ငံတော်နှင့် ပြည်သူကို**
> **ကာကွယ်မည်ဟူသည့် မွန်မြတ်သည့်**
> **စိတ်ဆန္ဒဖြင့် တပ်မတော်သို့**
> **မည်သူတစ်ဦးတစ်ယောက်၏**
> **တိုက်တွန်းချက်မှမပါရှိဘဲ**
> **Volunteer ဝင်ရောက်**
> **အမှုထမ်းကြသူများဖြစ်။**

လက်ရှိ မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် ပတ်သက်၍ ပြောကြားရာတွင် တပ်မတော်အနေဖြင့် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအခြေအနေများအရ ယာယီသမ္မတ၏ တာဝန်ပေးအပ်မှုနှင့်အညီ နိုင်ငံတော်၏တာဝန်များ လွှဲပြောင်းတာဝန်ယူထမ်းဆောင်ခဲ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ကြီးမားသည့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်က တာဝန်ရှိသူများထံသို့ ဥပဒေနှင့်အညီ တင်ပြတောင်းဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန်အထိ ကြိုးပမ်းလာသည့်အတွက် ယခုအခြေအနေထိ

ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို လိုအပ်ချက်အရ ခေတ္တတာဝန်ယူထိန်းသိမ်း ဆောင်ရွက်နေခြင်းသာဖြစ်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေသည်ကို နားလည် သဘောပေါက်ကြရန်လိုကြောင်း၊ နိုင်ငံအတွင်းရှိ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ထားသည့် မြို့နယ် ၇ မြို့နယ်မှအပ အခြားမြို့နယ်များကို အရပ်ဘက်အုပ်ချုပ်ရေးစနစ်ဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အစိုးရအုပ်ချုပ်ရေးယန္တရား ပုံမှန်အတိုင်း လည်ပတ်သွားလာလျက်ရှိသဖြင့် မိမိတို့ကျရာ တာဝန်များအလိုက် ကျေပွန်စွာ ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း၊ ပြည်သူ၏ အစိတ်အပိုင်းဖြစ်သည့်အတွက် စစ်သားကောင်းပီသစွာဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကာ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၊ မြစ်ငယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၁၈ - ၅ - ၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများနှင့်အတူ မေလ ၁၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၊ မြစ်ငယ်သို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ စက်ရုံအစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းတို့က ဝန်ကြီးဌာန၏ နောက်ခံသမိုင်းအကျဉ်း၊ မြန်မာ့မီးရထား၏ လုပ်ငန်းတာဝန်များ၊ စက်ရုံများနှင့် ဌာနများအလိုက် ဝန်ထမ်းများခန့်အပ်ထားမှု အခြေအနေများ၊ နိုင်ငံတစ်ဝန်းမီးရထားများပြေးဆွဲနေမှု အခြေအနေများနှင့် တိုးချဲ့ပြေးဆွဲမည့် အခြေအနေများ၊ မီးရထားလူစီးတွဲနှင့် ကုန်တွဲအသစ်များ

တည်ဆောက်ခဲ့မှုနှင့် ဆက်လက် တည်ဆောက်နေမှု အခြေအနေများ၊ စက်ခေါင်းများ ပြုပြင်ထိန်းသိမ်းမှုနှင့် မီးရထားလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား Power Point ဖြင့် အသီးသီးရှင်းလင်းတင်ပြကြသည်။

## နှစ်ပေါင်း ၁၄၀ သက်တမ်းရှိပြီး

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံ၏ပို့ဆောင်ရေးလုပ်ငန်းများတွင် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအား များစွာအထောက်အကူပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ပင် ဖြစ်ကြောင်း၊ မြန်မာ့မီးရထားသည် နှစ်ပေါင်း ၁၄၀ သက်တမ်းရှိပြီဖြစ်သဖြင့် အရှေ့တောင်အာရှနိုင်ငံများ၌ အိန္ဒိယနိုင်ငံပြီးလျှင် ဒုတိယသက်တမ်းအရင့်ဆုံးဖြစ်သောကြောင့် ရထားပို့ဆောင်ရေးနှင့် ပတ်သက်၍ များစွာအတွေ့အကြုံရှိပြီးဖြစ်ကြောင်း၊ မီးရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် အဓိက ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ လမ်းတစ်ခုချင်းအလိုက် တိုင်းတာစစ်ဆေးရန်လိုကြောင်း၊ မီးရထားလမ်းများကောင်းမွန်ခြင်းမရှိပါက ရထားတွဲများပျက်စီးစေပြီး ခရီးသွားလာမှုကို ကြန့်ကြာမှုဖြစ်ပေါ်စေသဖြင့် လမ်းများကောင်းမွန်စေရေး ရထားလမ်းများအား ထိန်းသိမ်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာလိုက်နာ၍ ရေရှည်အတွက် ဦးစားပေးစဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိပြေးဆွဲနေသည့် မီးရထားများ တစ်နာရီလျှင် အနည်းဆုံး ကီလိုမီတာ ၁၀၀ အထိ ခုတ်မောင်းပြေးဆွဲနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း။

> **မီးရထားစက်ခေါင်းများနှင့် လူစီးတွဲ၊ ကုန်တင်တွဲများအား ပြည်တွင်းဖြစ် တည်ဆောက်နိုင်ရေး သုတေသနပြု၍ နည်းပညာများ လေ့လာဆောင်ရွက် ကြိုးပမ်းနေရန်လို၊ ရထားတွဲများ တည်ဆောက်ရာတွင် လျှပ်စစ်ရထားအထိ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရေး အနာဂတ်အတွက် ကြိုတင်စဉ်းစား ဆောင်ရွက်နေရန်လို။**

## အကျိုးဖြစ်ထွန်းစေမည်

မီးရထားလမ်းကွန်ရက်များနှင့်အတူ ဆက်သွယ်ရေးကွန်ရက်တစ်ခုကို ထည့်သွင်းတည်ဆောက်ခြင်းဖြင့် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မီးရထားစက်ခေါင်းများနှင့် တွဲများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများ၊ မီးရထားလမ်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ထပ်မံတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများတွင် ပြည်တွင်းမှ အင်ဂျင်နီယာပညာရှင်များကို အဓိက အသုံးပြုဆောင်ရွက်၍ နည်းပညာများတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မီးရထားစက်ခေါင်းများနှင့် လူစီးတွဲ၊ ကုန်တင်တွဲများအား ပြည်တွင်းဖြစ်တည်ဆောက်နိုင်ရေး သုတေသနပြု၍ နည်းပညာများ လေ့လာဆောင်ရွက် ကြိုးပမ်းနေရန်လိုကြောင်း၊ ရထားတွဲများတည်ဆောက်ရာတွင် လျှပ်စစ်ရထားအထိ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရေး အနာဂတ်အတွက် ကြိုတင်စဉ်းစား ဆောင်ရွက်နေရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားများလုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်မှ ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မီးရထားခရီးစဉ်များပြေးဆွဲရာတွင် ခရီးသည်များအဆင်ပြေစွာခရီးသွားရောက်နိုင်ရေးအတွက် ရောက်ရှိထွက်ခွာမှုများအချိန်မှန်ရေးနှင့် မီးရထားလမ်းတစ်လျှောက်နှင့် မီးရထားရပ်ဝန်းများတွင် သန့်ရှင်းမှုရှိစေရေး အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ မြန်မာ့မီးရထားဝန်ဆောင်မှုလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် မီးရထားပိုင်မြေများအား အကျိုးရှိစွာ အသုံးချနိုင်ရေး ဖော်ထုတ်ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၈ - ၅ - ၂၀၂၁ )




တပ်မတော်အနေဖြင့် ပြည်သူကရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်ခိုင်မာမာဖြစ်စေရန် နိုင်ငံတော်၏တာဝန်များကို ဥပဒေနှင့်အညီ ခေတ္တတာဝန်ယူထမ်းဆောင်နေခြင်းဖြစ်သဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ဆင်ခြင်သုံးသပ်ပြီး နိုင်ငံတော်အတွက် မဖြစ်သင့်တာ မဖြစ်ရအောင် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်းနှင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၁၈ ရက် မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်

ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မသင်္ကာဖွယ်မဲစာရင်းများနှင့် ပတ်သက်၍ တပ်မတော်မှ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်း ဖြေရှင်းမရသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို ဒီမိုကရေစီနည်းလမ်းနှင့် ညီညွတ်မှုမရှိဘဲ အတင်းအဓမ္မရယူရန် ကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီသမ္မတ၏ လွှဲအပ်ချက်အရ နိုင်ငံတော်၏တာဝန်များကို ထိန်းသိမ်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲမတိုင်မီတွင်လည်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် လိုအပ်ကြောင်းကို မိမိအနေဖြင့် အမြဲတိုက်တွန်းပြောကြားခဲ့ကြောင်း။

**ပထမဦးစားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကြောင်း၊ COVID-19 ရောဂါကာကွယ်တားဆီးရေးဆိုင်ရာများနှင့် ကာကွယ်ဆေးထိုးနှံရေးဆိုင်ရာများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

**နှောင့်ယှက်ဖျက်ဆီးလျက်ရှိ**

COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေများအရ ရောဂါဖြစ်ပွားမှုနှုန်းလျော့ကျလာပြီဖြစ်သည့်အတွက် ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန် အခြေအနေများရှိနေပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသော်လည်း အချို့သောမသမာသူများက စာသင်ကျောင်းများအား မီးရှို့ခြင်း၊ ဗုံးခွဲခြင်း၊ ဆရာ၊ ဆရာမနှင့် ကျောင်းသူ၊ ကျောင်းသားများအား ကျောင်းမတက်နိုင်စေရန် ခြိမ်းခြောက်ခြင်းတို့ဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိကြောင်း၊ စာပေသင်ကြားနိုင်ရန် စီစဉ်နေခြင်းသည် တစ်နိုင်ငံလုံးရှိ ကျောင်းနေအရွယ် ကလေးများအားလုံး စာပေသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းသာဖြစ်သဖြင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေမှုများသည် စိတ်ဓာတ်မကောင်းမွန်သည့် လုပ်ရပ်များဖြစ်သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူလူထုအတွက် စာပေသင်ကြားပေးရန်နှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်တိုးတက်ရေး မလိုလားသူတို့၏ သွေးထိုးစကားများအရ CDM လှုပ်ရှားမှုများကြောင့် အချို့သော ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းခွင်သို့ ပြန်လည်ရောက်ရှိလာခြင်း မရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေ

မိမိတို့တပ်မတော်သားများအနေဖြင့်
ဖြစ်ပေါ်နေသည့်
နိုင်ငံရေးအခြေအနေများကို
သိရှိနားလည်ရမည်ဖြစ်ပြီး
တပ်မတော်၏
ဥပဒေအရ လုပ်ဆောင်နေမှုများတွင်
ပေးအပ်လာသည့် တာဝန်ကို
ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်။

ဖြင့် မိမိတို့၏ တာဝန်ဝတ္တရားနှင့် တစ်ဦးချင်း၏ စိတ်ခံစားချက်များကို ခွဲခြားရမည်ဖြစ်ပြီး ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုအပ်မည်ဖြစ်ကြောင်း။

## လုပ်ငန်းခွင်ပျက်ကွက်နေ

တပ်မတော်ဆေးတပ်ဖွဲ့ဝင်များအနေဖြင့် CDM လှုပ်ရှားမှုများကြောင့် လိုအပ်နေသည့် နေရာများတွင် ဆေးဝါးကုသမှုများကို သွားရောက်ဆောင်ရွက်ပေးလျက် ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၇ ဒသမ ၄ နှစ်ဖြစ်ပြီး အသက် ၅ နှစ်မတိုင်မီ သေဆုံးမှုနှုန်းမြင့်မားနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် ကျန်းမာရေးဝန်ထမ်းများ အထူးလိုအပ်နေချိန်တွင် ဝန်ထမ်းအချို့အနေဖြင့် လုပ်ငန်းခွင်ပျက်ကွက်နေခြင်း သည် ဆေးဝန်ထမ်းတို့၏ ကျင့်ဝတ်ကို ဖောက်ဖျက်ခြင်း ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့တွင် မြှင့်တင်ဆောင်ရွက်မှုများနှင့် ပြုပြင်ပြောင်းလဲမှုများ များစွာလုပ်ဆောင်ရန် လိုအပ် မည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်သားများအနေဖြင့် ဖြစ်ပေါ် နေသည့် နိုင်ငံရေးအခြေအနေများကို သိရှိနားလည် ရမည်ဖြစ်ပြီး တပ်မတော်၏ ဥပဒေအရ လုပ်ဆောင်နေ မှုများတွင် ပေးအပ်လာသည့် တာဝန်ကို ကျေပွန်စွာ ထမ်း ဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိတပ်အပေါ် သစ္စာရှိရန်၊ တပ်မတော်အပေါ် သစ္စာရှိ ရန်နှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကာ တိုင်းပြည်ကောင်းကျိုးကို သယ်ပိုးဆောင်ရွက် ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူပြည်သားများ မဖြစ် သင့်မဖြစ်ထိုက်သည်ကို ကာကွယ်ပေးခြင်းသည်လည်း နိုင်ငံတော်ကို ကာကွယ်ခြင်းပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်း ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ် အေးချမ်းရန် လိုအပ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး ရရှိအောင် တပ်မတော်အနေဖြင့် အမြဲကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၇/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

( ၂၀ - ၅ - ၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၇/၂၀၂၁) ကို မေလ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

## ကောင်းမွန်သည့်ဆောင်ရွက်ချက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် မြို့နယ်များသို့ကွင်းဆင်း ဆောင်ရွက်မှုများရှိသည်ကို သိရှိရသဖြင့် ကောင်းမွန်သည့် ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံ

အုပ်ချုပ်ရေးကောင်စီအနေဖြင့် မူဝါဒကိုသာ ချမှတ်ပေးခြင်းဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ကွင်းဆင်းဆောင်ရွက်ခြင်းကြောင့် သက်ဆိုင်ရာဌာနအလိုက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့အကျိုးအတွက် ဝန်ကြီးဌာနများအချင်းချင်းလည်း တိုင်ပင်ညှိနှိုင်းဆွေးနွေး အကြံပြုဆောင်ရွက်ကြရန် လိုကြောင်း။

မြေပြင်ကွင်းဆင်းဆောင်ရွက်ချိန်တွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်/မြို့နယ်များအလိုက် မဲစာရင်းစိစစ်တွေ့ရှိမှုများနှင့် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအခြေအနေများအား ဌာနဆိုင်ရာဝန်ထမ်းများသိရှိအောင် ပြောကြားဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီကိုတန်ဖိုးထားပြီး စစ်မှန်ရိုးသားသည့်ဒီမိုကရေစီ ဖြစ်စေချင်သော်လည်း ယခင်ပြီးခဲ့သည့်အထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီကို မရိုးမသား ပြုလုပ်ခဲ့သည့်အတွက် နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို နိုင်ငံ့ဝန်ထမ်းများအားလုံး နားလည်သိရှိရန်လိုကြောင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများ စည်းကမ်းတကျဆောင်ရွက်စေရန်နှင့် ရုံးလုပ်ငန်းများစနစ်တကျရှိစေရေး ဝန်ကြီးဌာနများအလိုက် ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်နေရန်လိုကြောင်း။

မိမိတို့နိုင်ငံသည်
စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး
ကျေးလက်စီးပွားရေးလုပ်ငန်းသည်
စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်သဖြင့်
စိုက်ပျိုးရေးလုပ်ငန်းများနှင့်
ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို
တိုးတက်အောင် ခေတ်မီနည်းပညာများ
အသုံးပြု ဆောင်ရွက်ပေးခြင်းဖြင့်
ပြည်တွင်းစားသုံးမှုဖူလုံပြီး
ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့်
ကျေးလက်နေပြည်သူများ၏ စီးပွားရေး
ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်။

## ပြည်တွင်းဖြစ်ကို အားပေး

ပြည်တွင်းစက်မှုလုပ်ငန်းများအားပေးဆောင်ရွက်မှုနှင့်ပတ်သက်၍ တိုင်းချစ်၊ ပြည်ချစ်စိတ်ဖြင့် ပြည်တွင်းဖြစ်ကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ပြည်တွင်းစီးပွားရေးကိုထိခိုက်စေနိုင်သည့် ကုန်သွယ်မှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအထက်ပိုင်းမန္တလေးတိုင်းဒေသကြီးနှင့် အညာဒေသများတွင် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပမာအားဖြင့် ပုဆိုး၊ စောင်၊ ခြင်ထောင် ရက်လုပ်ခြင်းဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ငန်းများအတွက် လိုအပ်သည့် အချို့ချည်များအားပြည်ပနိုင်ငံများမှ တင်သွင်းအသုံးပြုလျက်ရှိသည်ကို သိရှိရကြောင်း၊ ချည်ထုတ်လုပ်ရေးအတွက် လိုအပ်သော ဝါစိုက်ပျိုးမှုလုပ်ငန်းအတွက် လိုအပ်သည့် မြေ၊ ရေနှင့် မျိုးကောင်းမွန်စေရန်အတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်ပြီး ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် အဝတ်အထည်များအား ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ လတ်တလော ရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်အထည်ချုပ်စက်ရုံများနှင့် ဝါကြိတ်စက်ရုံများ ပြန်လည်လည်ပတ်၍ အဝတ်အထည်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို တစ်ဖက်တစ်လမ်းမှ လျှော့ချဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်းဆေးဝါးထုတ်လုပ်မှု လုပ်ငန်းများမှ ပြည်တွင်း၌အသုံးများသည့် ဆေးဝါးများ လုံလောက်အောင် ထုတ်လုပ်၍ ပြည်ပမှဆေးတင်သွင်းမှုများအား လျှော့ချနိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချရန်လိုကြောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်

ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက အခြားဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း။

**ခေတ်မီနည်းပညာများ အသုံးပြု**

မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးသည်အဓိကကျကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး ကျေးလက်စီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင် ခေတ်မီနည်းပညာများ အသုံးပြု ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိုင်ငံတော်ပိုင် စက်ရုံ၊ အလုပ်ရုံများ ရပ်နားထားရခြင်းကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးမှုများရှိနေကြောင်း၊ အလားတူ ပုဂ္ဂလိကများနှင့် ဖက်စပ်ဆောင်ရွက်လျက်ရှိသည့်စက်ရုံများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် နည်းလမ်းရှာဖွေရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကသို့ငှားရမ်းထားသော စက်ရုံအလုပ်ရုံများကိုလည်း မူလစာချုပ်ပါ လုပ်ငန်းတာဝန်များအတိုင်း ဆောင်ရွက်မှုရှိ၊ မရှိ စိစစ်၍ လိုက်နာမှုမရှိသည့် လုပ်ငန်းများကို စည်းကမ်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့်လည်း စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ မကြာခဏ ကျရောက်လေ့ရှိပြီး နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဘီလီယံနှင့်ချီရှိကြောင်း၊ လက်ရှိ ရာသီဥတုအခြေအနေအရ မုန်တိုင်းနှင့် မိုးသက်လေပြင်းများ ကျရောက်မည့် အနေအထားများ ရှိနေကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာအလိုက် မိမိတို့ ဌာနအဆောက်အဦများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် ဒေသအလိုက်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက် ထားကြရန်လိုကြောင်း၊ မကြာမီ မိုးတွင်းကာလရောက်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာမြို့နယ်များအလိုက် တံတားများနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများစွာ ကျခံသုံးစွဲနေရကြောင်း၊ ထိုအတူ လူ၏ပေါ့ဆမှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက်လည်း ကြိုတင်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

လိုင်စင်မဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် ပတ်သက်၍လည်း စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ တရားမဝင်တင်သွင်း၍ ဖြန့်ချိရောင်းချနေမှုများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း ကြပ်မတ်ထိန်းချုပ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အများပြည်သူပို့ဆောင်ရေးစနစ်ကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ပတ်ရထား၊ လျှပ်စစ်ရထားနှင့် လျှပ်စစ်ဘတ်(စ်)ကားများ ပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအင်ကို အသုံးပြုခြင်းဖြင့် ပြည်တွင်းလောင်စာဆီ သုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ဖူလုံစွာ ရရှိရေးအတွက်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်လုပ်ငန်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားများ တရားမဝင် ရယူသုံးစွဲမှုများကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး၊ လျှပ်စစ်ဓာတ်

အားခများ သတ်မှတ်နှုန်းထားနှင့် သတ်မှတ်ချိန်အလိုက် ကောက်ခံရရှိရေး ဆောင်ရွက်ရန်လိုကြောင်း။

ပြည်တွင်း စီးပွားရေးလုပ်ငန်းများကို အားပေးကြရမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှု ညံ့ဖျင်းပါက တိုင်းပြည်ဆင်းရဲသွားမည်ဖြစ်ကြောင်း၊ အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်ရန် အစိုးရအဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းပြည်အတွက် ရသင့်ရထိုက်သည့် အခွန်အခများရရှိအောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူ နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် လုပ်ဆောင်ရန်လိုကြောင်း၊ နိုင်ငံတော်မှရရှိသည့် အခွန်အခများဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍများတွင် ထိရောက်စွာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရပ်နားထားရသည့် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်တွင်းထုတ်ကုန်များ လုံလောက်အောင်ထုတ်လုပ်၍ ပြည်ပသွင်းကုန်များကို လျှော့ချကာ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၁/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

( ၂၄ - ၅ - ၂၀၂၁ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၁/၂၀၂၁)ကို မေလ ၂၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

## တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

## ပြည်သူ့လုံခြုံရေးစနစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အစည်းအဝေးအဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေးအရ ဆန္ဒပြမှုများရှိလာကြောင်း၊ တာဝန်ယူရသည့်အခြေအနေအား အကြိမ်ကြိမ် ရှင်းလင်းပြောကြားထားသော်လည်း နားလည်သဘောပေါက်သူများရှိသကဲ့သို့ နားမလည်သူများလည်းရှိကြောင်း၊ ယခုအခါ ဆူပူသောင်းကျန်းမှုများမှတစ်ဆင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လာကြောင်း၊ လက်နက်ကိုင် သောင်းကျန်းသူများ၏ နယ်မြေများအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခြင်း၊ မတရားအသင်းအဖြစ် ကြေညာထားသည့် CRPH၊ NUG၊ PDF များဖွဲ့စည်း၍ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ပြီး ဖျက်ဆီးရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာကြကြောင်း၊ ပြည်သူများလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်

တွင် စတင်လျှောက်လှမ်းစဉ်ကာလကတည်းကပင် ရာနှုန်းပြည့် ငြိမ်းချမ်းရေးရရှိသည့် ဒီမိုကရေစီဖြင့် ဆောင်ရွက်ခဲ့ခြင်း မဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခများ အကြားမှပင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၁ ခုနှစ်တွင်ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်၍ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ NCA လက်မှတ်မရေးထိုးမီကာလအတွင်း Gentleman Agreement များဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်များရယူ ဆောင်ရွက်ခဲ့သည်များလည်း ရှိကြောင်း။

မိမိတို့အနေဖြင့် လိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဝင်ရောက်တာဝန်ယူခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အား ဖျက်သိမ်းခြင်းမရှိကြောင်း၊ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်တွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ဖျက်သိမ်းခြင်းမရှိဘဲ အခြေခံဥပဒေအား ပြင်ဆင်ချက်များဖြင့်သာ နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ပြီး ရွေးချယ်ခံအစိုးရ ဖဆပလကို ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ တာဝန်ယူချိန်ကာလအတွင်း လက်နက်ကိုင်ပဋိပက္ခများဖြေရှင်းခြင်းနှင့် ကတိကဝတ်ပေးထားသည့်အတိုင်း သန့်ရှင်းသည့် ရွေးကောက်ပွဲကျင်းပ၍ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ တက်လာသည့်အချိန်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ဖျက်သိမ်းခဲ့ပြီး တပ်မတော်မှ ဗဟိုဦးစီးစနစ်ဖြင့် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေး အာဏာများဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ်တွင် ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် လမ်းစဉ်ပါတီအစိုးရက ဆိုရှယ်လစ်စနစ်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်တောင်းဆိုမှုများအရ နိုင်ငံ၏အုပ်ချုပ်မှုယန္တရားများ ပျက်စီးခဲ့ရပြီး တပ်မတော်မှ ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

## သွေးထိုးလှုံ့ဆော်မှုများ မပြုလုပ်ရန်လို

မိမိတို့ယခုတာဝန်ယူ ဆောင်ရွက်နေခြင်းသည် အာဏာသိမ်းခြင်းမဟုတ်ဘဲ အာဏာထိန်း ဆောင်ရွက်နေခြင်းသာ ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ် အာမခံချက်ရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပါတီပေါင်း ၉၀ ကျော်ရှိကြောင်း၊ အခြားနိုင်ငံများတွင် မိမိတို့နိုင်ငံကဲ့သို့ ပါတီများစွာမရှိကြောင်း၊ ပါတီများဖွဲ့စည်းရာတွင် နိုင်ငံရေးကိုအခြေခံသည့်ပါတီ၊ ဒေသကိုအခြေခံသည့်ပါတီ၊ တိုင်းရင်းသားကို အခြေခံသည့်ပါတီများရှိကြောင်း၊ နိုင်ငံရေးဆောင်ရွက်ရာတွင် သဘောထားကွဲလွဲနေ၍ မရဘဲ စည်းလုံးညီညွတ်မှုရှိစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ညီညွတ်မှုမရှိပါက တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် နိုင်ငံရေးဆောင်ရွက်သူများ၊ မီဒီယာများအနေဖြင့် သတင်းမှားများကို သွေးထိုးလှုံ့ဆော်မှုများမပြုလုပ်ရန်လိုကြောင်း၊ လုံခြုံရေးအရတည်ငြိမ်အေးချမ်းမှုရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်လိုအပ်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် နိုင်ငံအတွင်း စားရေရိက္ခာ ပေါများစေရန်၊ ယိမ်းယိုင်နေသည့် စီးပွားရေးများ ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပစ်ပယ်ထား၍မရကြောင်း၊ ကျေးလက်စီးပွားရေးမြှင့်တင်ရေးအတွက် ပြည်နယ်နှင့်တိုင်း ဆင်းရဲချမ်းသာကွာဟမှုကို လျှော့ချရေးဆောင်ရွက်ရာတွင် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစိုက်ပျိုးရေးမှာ ဆန်စပါး၊ ပဲနှင့် ဆီထွက်သီးနှံများဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ထို့အတူ ရပ်နားထားသည့် ပြည်တွင်းကုန်ထုတ်လုပ်ရေးစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုကုန်ကြမ်းများ ထုတ်လုပ်နိုင်သည့် ဝါနှင့် ဝါးစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်

**နိုင်ငံရေးအရ**
**တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက်**
**နိုင်ငံရေးဆောင်ရွက်သူများ၊**
**မီဒီယာများအနေဖြင့် သတင်းမှားများကို**
**သွေးထိုးလှုံ့ဆော်မှုများမပြုလုပ်ရန်လို၊**
**လုံခြုံရေးအရ**
**တည်ငြိမ်အေးချမ်းမှုရှိရန်အတွက်**
**တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ**
**ချုပ်ငြိမ်းရန်လိုအပ်သဖြင့်**
**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို**
**ဆက်လက်ဆောင်ရွက်လျက်ရှိ။**

ရန်လိုကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများတွင်လည်း အုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်၍ အုန်းထွက်ပစ္စည်းများ ထုတ်လုပ်ကာ နိုင်ငံတကာသို့တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ၏ဝင်ငွေတိုးတက်ရေးအတွက် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

## ညီညွတ်ခြင်းသည် အား

လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိစေရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုအပ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ရေကိုအကျိုးရှိစွာအသုံးချ၍ လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည် ဖြစ်ကြောင်း၊ အလားတူ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ “ညီညွတ်ခြင်းသည် အင်အား” ဆိုသည့်အတိုင်း အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒနီယယ်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်းတို့က အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် လုံခြုံရေးကို ထိရောက်စွာဆောင်ရွက်ပေးရေးကိစ္စ၊ အချို့မြို့နယ်များတွင် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်နိုင်ရေး၊ မသမာသည့်ရည်ရွယ်ချက်ဖြင့် ငွေကြေးအမြောက်အမြားကို လက်ဝယ်ထိန်းသိမ်းထားရှိသူများအား စိစစ်ဖော်ထုတ် အရေးယူနိုင်ရေး၊ မီဒီယာတုံ့ပြန်မှု လျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထု၏ လုံခြုံမှုအတွက် ပြည်သူ့အင်အားဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ ဘဏ်လုပ်ငန်းစနစ်နှင့် ငွေကြေးစီးဆင်းမှုကို ထိခိုက်အောင်ဆောင်ရွက်နေသူများအား ရှာဖွေဖော်ထုတ်အရေးယူရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသအလိုက် ရပ်/ကျေး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိသားစုဝင်များ လုံခြုံရေးအတွက် အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက်ပေးရေး၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုး တိုးတက်စေရန် ဌာနအလိုက် အလုပ်ရုံဆွေးနွေးပွဲများစဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စီမံကိန်းတစ်ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ တောင်ပေါ်ဒေသများတွင် ကုန်းမြင့်လယ်ယာဖော်ထုတ်ရေး၊ ဌာနများအလိုက် လစ်လပ်သွားသည့် ရာထူးနေရာများတွင် ပြန်လည်ဖြည့်ဆည်းခန့်ထားနိုင်ရေး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိန်းမြို့နယ်အတွင်း တရားမဝင် ရွှေသတ္တုတူးဖော်နေမှုများအား ထိန်းသိမ်းပေးနိုင်ရေးနှင့် သောက်သုံးရေ အခက်အခဲရှိသည့်ကျေးရွာများ၌ စက်ရေတွင်းများ တူးဖော်ပေးနိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

## လုံခြုံရေးအတွက် စီမံဆောင်ရွက်ပေးမည်

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဘဏ်လုပ်ငန်းများနှင့် ငွေကြေးစီးဆင်းမှုများကို ပြည်သူလူထုယုံကြည်မှုရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အခွန်စနစ်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီဆောင်ရွက်လျက်

ရှိကြောင်း၊ ရပ်/ကျေးဥက္ကဋ္ဌများနှင့်ပတ်သက်၍ လုံခြုံရေးအတွက် စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများအလိုက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားရမည်ဖြစ်ကြောင်း၊ မြို့နယ်အချို့တွင် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်နိုင်ရေးအတွက် စိစစ်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မီဒီယာတုံ့ပြန်မှု လျင်မြန်စေရေးအတွက် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ NGO၊ INGO များနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပြန်လည်စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန် လိုကြောင်း၊ ဝန်ကြီးဌာနအလိုက် လစ်လပ်ဝန်ထမ်းများ ပြန်လည်ခန့်ထားရေးနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်စိစစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသအလိုက် လိုအပ်ချက်များ နှင့်စပ်လျဉ်း၍ ပြည်နယ်များ၏ လိုအပ်ချက်ကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

### ပညာသင်ကြားရေးကိုသာ အလေးထားစေလို

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း စာသင်ကျောင်းမှ အမျိုးသားစည်းကမ်းများကို ဆောင်ရွက်ပေးနိုင်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစည်းကမ်းများကို လိုက်နာရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးကိုသာ အလေးထားစေလိုကြောင်း၊ သူ့နေရာနှင့်သူသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် အဓိကအားဖြင့် ပြည်သူများအနေဖြင့် ဥပဒေကိုနားလည်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တက္ကသိုလ်၊ ကောလိပ်များတွင် ဥပဒေပညာရပ်များ သင်ကြားရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ဥပဒေအားလေးစားလိုက်နာခြင်းမရှိပါက တရားဥပဒေစိုးမိုးရေး မဖြစ်နိုင်သကဲ့သို့ လွတ်လပ်ပြီးတရားမျှတသည့် သန့်ရှင်းသည့် ဒီမိုကရေစီစနစ် မဖြစ်နိုင်ကြောင်း၊ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ပညာတတ်များ ပေါ်ထွက်လာအောင် ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများပညာတတ်ဖြစ်စေရေးသည် အရေးကြီးသဖြင့် အထူးအလေးအနက်ထား ဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်ဖြစ်ပြီး နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိရန်အတွက် ပညာရေးတွင် အခြေခံကောင်းရန်လိုအပ်ကြောင်း၊ ပြည်သူလူထု လက်ရှိအချိန်တွင်ကြုံတွေ့နေရသည့် စီးပွားရေးနှင့် စားသောက်ရေးများအဆင်ပြေစေရန်အတွက် စားရေရိက္ခာများ ပေါများအောင် ဆောင်ရွက်နေချိန်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လိုအပ်သည်များကို အကြံပြုဆွေးနွေးတိုက်တွန်းပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

■ ■ ■

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၃၁ – ၅ – ၂၀၂၁ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၃၁ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဘားအံမြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

## တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာဗညားအောင်မိုး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်၊ ပြည်နယ်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အစည်းအဝေးခန်းမတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ပြည်နယ်အတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ COVID –19 ရောဂါကာကွယ်ဆေး ထိုးနှံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လမ်းများတိုးချဲ့ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လမ်းအကျယ်အဝန်းများရှိရန်လိုကြောင်း၊ မော်တော်ဆိုင်ကယ်စီးနင်းမှု များပြားသည့်အတွက် မော်တော်ဆိုင်ကယ်စီးနင်းသူများ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက်လည်း ဆိုင်ကယ်မောင်းနှင်နိုင်သောလမ်းများ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ လမ်းများရေရှည်ကောင်းမွန်စေရေးအတွက် ရေစီးရေလာ ကောင်းမွန်ရေးနှင့် လမ်းတစ်လျှောက် အရိပ်ရလေကာပင်များစိုက်ပျိုး

ရန် လိုကြောင်း၊ အရေးပေါ်ကာလအတွင်း ဆူပူဆန္ဒပြမှုများအား အရေးယူဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ဒီမိုကရေစီစနစ်တွင် ဆန္ဒပြမှုများရှိမည်ဖြစ်ကြောင်း၊ သို့သော် ပြဿနာအားပိုမိုကြီးထွားစေရန် သတင်းမှားများဖြင့် လှုံ့ဆော်မှုများ ဆောင်ရွက်နေသူများနှင့် အန္တရာယ်ရှိအောင် ဆောင်ရွက်နေသူများကိုသာ အရေးယူဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသည့် နိုင်ငံသားများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းများ မှားယွင်းမှုများဖြစ်ပေါ်မှုကြောင့် စိစစ်ခဲ့ချိန်၌ ကရင်ပြည်နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သူ ၂၃၉၀၀၀ ကျော် ပါဝင်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားများ မှတ်ပုံတင်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ် ရခွင့်ရှိသည့် တိုင်းရင်းသားအားလုံးနှင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အကျုံးဝင်သူများအားလုံး နိုင်ငံသားစိစစ်ရေးကတ် ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်ကာလအတွင်း ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး လွတ်လပ်၍ မျှတမှုရှိသည့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲများပေးသည့်အချိန်တွင် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်များ ရှိရန် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

**အားကစားကဏ္ဍ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍသည် ရှေးယခင်က ထိပ်တန်းအဆင့်တွင်ရှိခဲ့သော်လည်း ယခုနောက်ပိုင်းတွင် အာဆီယံအဆင့်၌ပင် နိမ့်ကျလျက်ရှိကြောင်း၊ အားကစားသည် ချက်ချင်းဆောင်ရွက်၍မရဘဲ အချိန်ယူ၍ ဆောင်ရွက်ရကြောင်း၊ အားကစားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားကစားသမားများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ကစားနည်းစနစ်များသာမက အားကစားကွင်းများ၊ အားကစားရုံများသည်လည်း အဆင့်အတန်းမီစွာ ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားကွင်းများ၊ မိုးလုံလေလုံ အားကစားရုံများနှင့် အဆင့်မီ ရေကူးကန်များအား ဖြည့်ဆည်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားကွင်းများနှင့် အားကစားရုံများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဖြင့် တည်ဆောက်ရန် လိုကြောင်း၊ အားကစားသည် ကျန်းမာရေးကိုသာမက နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်ကိုပါမြှင့်တင်ပေးနိုင်ကြောင်း၊ ထို့ကြောင့် အားကစားကဏ္ဍမြှင့်တင်ပြီး နိုင်ငံ၏ ဂုဏ်ကိုမြှင့်တင်ရန်လိုကြောင်း။

ကရင်ပြည်နယ်သည် သာယာလှပသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်လျက်ရှိကြောင်း၊ ကရင်ပြည်နယ်၏ မျှော်မှန်းသက်တမ်းသည် မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းထက် ၂ ဒသမ ၅ နှစ်ခန့် လျော့နည်းလျက်ရှိသဖြင့် ပြည်နယ်အတွင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအနေဖြင့် အဟာရပြည့်ဝသည့် စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြည့်ဝစွာ ရရှိရန်လိုအပ်ကြောင်း၊ ထို့အပြင် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အချို့မှုန့်စားသုံးမှုများ၊ မူးယစ်ဆေးဝါးနှင့် အရက်၊ ဆေးလိပ်၊ ကွမ်းများ သုံးစွဲမှုကို တတ်နိုင်သမျှရှောင်ကျဉ်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ကရင်ပြည်နယ်သည် ဆန်ဖူလုံမှုရှိပြီး အခြားသီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပဲတီစိမ်းနှင့် အခြားနှစ်တို၊ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးလျက်ရှိသဖြင့် ပြည်နယ်အတွင်းစိုက်ပျိုးရေးအားကောင်းသည်ကို တွေ့ရှိရကြောင်း၊ ဒေသအတွင်း ဝမ်းစာဖူလုံရေးအတွက် စပါးအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍ လူအများစားသုံးသည့် ကြက်၊ ဝက်၊ နွား၊ ဆိတ်နှင့် ငါးမွေးမြူရေးလုပ်ငန်းများအား တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များအား ဒေသတွင်း အရည်အသွေးပြည့်မီသည့် ကုန်ချောများအဖြစ် ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ပါက ဒေသတွင်း စီးပွားရေးကောင်းမွန်လာမည်ဖြစ်သည့်အပြင် ပြင်ပမှဝယ်ယူစားသုံးမှုများကို လျှော့ချပေးနိုင်မည် ဖြစ်ကြောင်း၊ သို့မှသာ သုံးစွဲငွေလျော့နည်းပြီး ဒေသ

တွင်း လူမှုစီးပွားဘဝကို တိုးတက်စေမည် ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ တိုးတက်မှုသည် နိုင်ငံ၏ GDPနှင့် နိုင်ငံခြား ကုန်သွယ်မှုများအပေါ်တွင် မူတည်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဘတ်ဂျက်လိုငွေ များပြားမှုကြောင့် ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းပြည်စာရင်းတွင် ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်း လူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်ပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

**အဓိကအရေးကြီး**

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှု၊ ပို့ဆောင်ရေးစနစ်ကောင်းမွန်မှု၊ ဆက်သွယ်ရေးစနစ်ကောင်းမွန်မှုနှင့် လူသားအရင်းအမြစ်ပေါကြွယ်ဝမှုများသည် အဓိက အရေးကြီးကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ပတ်သက်၍ ပြည်နယ်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအရင်းမြစ်များရှိပြီးဖြစ်ကြောင်း၊ သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ဟတ်ကြီးရေအားလျှပ်စစ်စက်ရုံမျိုးသည် ကရင်ပြည်နယ်ကို အထောက်အကူပြုမည်ဖြစ်သဖြင့် ဆောင်ရွက်သင့်ကြောင်း၊ အကြောင်းအမျိုးမျိုးပြ၍ ကန့်ကွက်နေသူများကို နားလည်စေလိုကြောင်း၊ အဆိုပါရေအရင်းအမြစ်များကို အသုံးချ၍ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိအောင်ဆောင်ရွက်နိုင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြု ဆောင်ရွက်ရသည့် စက်ရုံအလုပ်ရုံများ ပိုမိုတိုးတက် လည်ပတ်ဆောင်ရွက်နိုင်မည့်အပြင် ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ပညာရည်မြင့်မားရေးနှင့် ပတ်သက်၍ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ကရင်ပြည်နယ်အတွင်း ၅ နှစ်နှင့်အထက် ကျောင်းမနေဖူးသူဦးရေသည် ပြည်နယ်လူဦးရေ၏ ၂၀ ရာခိုင်နှုန်းရှိသဖြင့် ပြည်နယ်အတွင်း ပညာရေးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံရှိလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့်အသက်မွေးဝမ်းကျောင်းပြုလုပ်နေသူများဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အဓိက အထောက်အကူပြုနိုင်သည့် စိုက်ပျိုးမွေးမြူရေးပညာရပ်များ သင်ကြားနိုင်ရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံများ ဖွင့်လှစ်သင်ကြားနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ COVID–19 ဖြစ်ပွားစဉ် ကာလအတွင်း တစ်နှစ်တာကာလ ကျောင်းများပိတ်ထားခဲ့ရသဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှု တစ်နှစ်နောက်ကျခဲ့ရသဖြင့် ကျောင်းသား၊ မိဘများနှင့် နိုင်ငံတော်အတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအချိန်တွင် မိမိတို့နိုင်ငံ၌ COVID–19 ရောဂါကူးစက်မှု အတိုင်းအတာတစ်ခုအထိ လျော့ကျလာပြီဖြစ်သဖြင့် ကျောင်းများပြန်လည်ဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် မသမာသူများအနေဖြင့် ပညာရေးစနစ်ကို အနှောင့်အယှက်ဖြစ်စေရေး ကျောင်းများ မဖွင့်လှစ်ဖြစ်အောင် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ပညာသင်ကြားရေးနှင့်ပတ်သက်၍ နည်းမျိုးစုံဖြင့် နှောင့်ယှက်နေမှုများအပေါ် တာဝန်ရှိသူများအနေဖြင့် နားလည်အောင် ရှင်းလင်းပြောကြား၍ ပညာရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံနှင့်ပြည်သူလူထုမှလိုလားသည့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်

**တပ်မတော်အနေဖြင့်**
**နိုင်ငံနှင့် ပြည်သူလူထုမှလိုလားသည့်**
**ဖက်ဒရယ်စနစ်ကိုအခြေခံသည့်**
**ဒီမိုကရေစီစနစ်ကို**
**ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး**
**ဆောင်ရွက်လျက်ရှိ၊**
**ထို့ကြောင့် လုပ်သင့်လုပ်ထိုက်သည်များကို**
**ဆောင်ရွက်သွားမည်ဖြစ်။**

ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များနှင့်အတူ ဘားအံမြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများဖြစ်သည့် ဖွဲ့ကပင် ကျောင်းဆရာတော် ဘဒ္ဒန္တကဝိဓဇ၊ လမင်းပရိယတ္တိ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တကေသရိန္ဒ၊ မဲဘောင် ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလတို့အား မဲဘောင် ကျောင်းတိုက်တွင်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် ဘားအံမြို့ မိုးကယ် ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတေဇိန္ဒအားလည်းကောင်း၊ ကော့ထော်ကျေးရွာ အုပ်စု၊ တောင်ကလေးကျေးရွာ၊ တောင်ကလေးကျောင်း တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပညာသာမိအား လည်း ကောင်း သွား ရောက် ဖူး မြော် ကြည် ညို ကြ ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြ၍ နဝကမ္မ အလှူတော်ငွေများနှင့် လှူဖွယ်ပစ္စည်းများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန် တော်နှင့် ဆီများအား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင် များသည် ဖွဲ့ကပင် အဆင့်မြင့်အားကစားကွင်းအား ပြည်နယ်အားကစားကွင်း အဆင့်မြှင့်တင်နေမှုအခြေ အနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိ သူများ၏ တင်ပြချက်များအပေါ် အားကစားကွင်းများ အဆင့်မြှင့်တင် တည်ဆောက်ရာတွင် အဆင့်အတန်း မီစွာတည်ဆောက်ရန်၊ ကစားကွင်းအတွင်း ပရိသတ်များ ဝင်၊ ထွက်မှုအဆင်ပြေစေရေး စဉ်းစားတည်ဆောက်ရန်၊ ပြည်နယ်အဆင့် အားကစားကွင်းဖြစ်သဖြင့် ပြည်နယ် အားကစား တိုးတက်ရေးကို အထောက်အပံ့ပေးနိုင်သည့် အားကစားကွင်းဖြစ်အောင် ဆောင်ရွက်ရန်၊ ရေကူးကန် အား ပြိုင်ပွဲများကျင်းပနိုင်သည်အထိ စနစ်တကျ ထည့်သွင်း တည်ဆောက်ရန်တို့အား မှာကြားခဲ့သည်။ ထို့နောက် အောင်သံလွင် ပြည်နယ်အားကစားကွင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ပြည်နယ်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ကွင်းတိုးချဲ့ ပြုပြင်နိုင်ရေးအတွက် မှာကြားခဲ့သည်။

■ ■ ■

# ဘားအံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၃၁ - ၅ - ၂၀၂၁ )




နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်သည်ဟုဆိုရာတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများသာမက နိုင်ငံတော်၏ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရေးအတွက် ထိန်းသိမ်းဆောင်ရွက်ခြင်းသည်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ခြင်းပင် ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာမှုများကို ကာကွယ်ပေးခြင်း၊ ကူညီဆောင်ရွက်ပေးခြင်း၊ ကပ်ရောဂါကြုံတွေ့နေရမှုများကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးခြင်းနှင့် မိမိလုပ်ငန်းတာဝန်များကို ကောင်းမွန်ကျေပွန်စွာ သစ္စာရှိရှိ တာဝန်ထမ်းဆောင်နေခြင်းသည်လည်း နိုင်ငံတော်ကို ကာကွယ်နေခြင်းပင်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၃၁ ရက် မွန်းလွဲပိုင်းတွင် ဘားအံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် ဘားအံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

## ၄ လတာကာလသို့ ရောက်ရှိခဲ့ပြီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ ဖြစ်စေရေး၊ ခိုင်မာသည့် ဒီမိုကရေစီစနစ်ဖြစ်စေရေးအတွက် နိုင်ငံတော်၏တာဝန်ကို ခေတ္တတာဝန်ယူထိန်းသိမ်း ဆောင်ရွက်ခဲ့သည်မှာ လေးလတာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယာယီသမ္မတက နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို လွှဲအပ်တာဝန်ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း မိမိတို့အနေဖြင့် ပြည်သူလူထု ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း အတည်ပြုမဲပေးပြီး ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အတိုင်းသာ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံ၏ ဖွဲ့စည်းပုံ

အခြေခံဥပဒေသည် အခြားသောနိုင်ငံများ၏ အခြေခံဥပဒေများနှင့် တူညီမှုမရှိဘဲ ကွဲပြားမှုများရှိကြောင်း၊ အခြေခံဥပဒေပါ တပ်မတော်၏ အခန်းကဏ္ဍကို လေ့လာကြည့်လျှင် သိရှိရမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံတော်၏ သမ္မတကို ရွေးချယ်ရာတွင် ပြည်သူများက တိုက်ရိုက်ရွေးချယ်ရခြင်းမဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ်များကတစ်ဆင့် ရွေးချယ်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူက စစ်မှန်စွာ ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုရွေးကောက်ပွဲတွင် မဲစာရင်းများကြီးမားစွာ ကွဲလွဲမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်သူက စစ်မှန်စွာ ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များဟု အပြည့်အဝမှတ်ယူရန် ခဲယဉ်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် မဲစာရင်းများကို စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များထုတ်ပြန်ကာ မဲစာရင်းကွဲလွဲချက်များကို စစ်ဆေးပေးနိုင်ရေး တာဝန်ရှိသူများထံ အဆင့်ဆင့်တင်ပြခြင်း၊ ညှိနှိုင်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်က စစ်မှန်ပြီးတရားမျှတသည့် ရွေးကောက်ပွဲရလဒ် ဖြစ်စေရေးမည်သို့ပင် ပြောဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန်အထိ ကြိုးပမ်းလာမှုများကြောင့် ယခုအခြေအနေအထိ ရောက်ရှိခဲ့ရခြင်းဖြစ်သည့် အခြေအနေမှန်များကို အရာရှိ၊ စစ်သည်များအနေဖြင့် သိရှိရမည်ဖြစ်ကြောင်း။

## ထုတ်ပြန်ကြေညာလျက်ရှိ

တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူ ဆောင်ရွက်နေရသည့် အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဦးစားပေးအနေဖြင့် မဲစာရင်းကွဲလွဲနေမှုများကို အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ ထို့နောက် COVID-19 ရောဂါကာကွယ်ရေးနှင့် ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို အမြန်ဆုံးကုစားပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

> ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း
> တိုင်းရင်းသားအားလုံး
> အခွင့်အရေးတန်းတူရှိသည်ကို
> အတိအလင်း ပြဋ္ဌာန်းထား၊
> ဒီမိုကရေစီစနစ်တွင်
> တူညီသည့် အခွင့်အရေးများ
> ရရှိကြသည် ဖြစ်သော်လည်း
> တူညီသည့်အရည်အချင်းရှိအောင်
> တစ်ဦးချင်းအလိုက်
> ကြိုးပမ်းအားထုတ်ကြရန်လည်း
> လိုအပ်မည်ဖြစ်။

ထို့ပြင် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တနေကြသည့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားအားလုံးပေါင်းစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်ပြီး တိုင်းရင်းသားအားလုံးတွင် တူညီသည့် အခွင့်အရေးများ ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း တိုင်းရင်းသားအားလုံး အခွင့်အရေးတန်းတူရှိသည်ကို အတိအလင်း ပြဋ္ဌာန်းထားကြောင်း၊ ဒီမိုကရေစီစနစ်တွင် တူညီသည့် အခွင့်အရေးများ ရရှိကြသည် ဖြစ်သော်လည်း တူညီသည့်အရည်အချင်းရှိအောင် တစ်ဦးချင်းအလိုက် ကြိုးပမ်းအားထုတ်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မိမိဒေသနှင့် တိုင်းပြည်ကို တိုးတက်စေလိုသည့်စိတ်ဖြင့် မိမိသင်ခဲ့ရသည့် အတန်းပညာ၊ လေ့လာဆည်းပူးထားသည့် အသိပညာတို့ကို ပေါင်းစပ်

ပြီး အကျိုးရှိအောင် အသုံးချနိုင်ရမည် ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်များအနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါဘဲ တပ်မတော်တွင်းသို့ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သည်နှင့်အညီ မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိတာဝန်ထမ်းဆောင်နေသည့်တပ်ကို သစ္စာရှိရမည်၊ တပ်မတော်အပေါ်သစ္စာရှိရမည်၊ မိမိတိုင်းပြည်အပေါ်သစ္စာစောင့်သိရမည် ဖြစ်ကြောင်း၊ သင်တန်းကျောင်းများတွင် စစ်စည်းကမ်းကောင်းမွန်ရန် သင်ကြားပေးလိုက်ပြီးဖြစ်ပြီး မိမိတို့တပ်မတော်သားများအနေဖြင့် အရပ်ဘက်စည်းကမ်း၊ တပ်မတော်စည်းကမ်း နှစ်မျိုးလုံးကို လိုက်နာရသူများဖြစ်သဖြင့် စည်းကမ်းတကျ လိုက်နာဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ မိမိတို့တစ်ဦးချင်းထမ်းဆောင်ရသည့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်မှုရှိရမည်ဖြစ်ပြီး စစ်သားတိုင်း စစ်မတိုက်ရသော်လည်း လိုအပ်ပါက တိုက်ပွဲဝင်နိုင်စွမ်းရှိအောင် လေ့ကျင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## ကျေပွန်စွာ ထမ်းဆောင်ကြရမည်

တပ်မတော်သားများအနေဖြင့် ပြည်သူကြားက ပေါက်ဖွားလာပြီး နိုင်ငံတစ်ဝန်းရှိ အနယ်နယ် အရပ်ရပ်မှ မိမိကျရာတာဝန်များကို လာရောက်တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်သကဲ့သို့ မိမိတို့၏ မိသားစုဝင်များသည်လည်း မိမိတို့နှင့်အတူတကွ တပ်တွင်း၌ လိုက်ပါနေထိုင်ကြသူများဖြစ်သည့်အတွက် အရာရှိ၊ စစ်သည်များ၊ မိသားစုများ အနေဖြင့် မိသားစုစိတ်ဓာတ်၊ ညီအစ်ကို မောင်နှမစိတ်ဓာတ်၊ ညီအစ်မစိတ်ဓာတ်များဖြင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရမည် ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် သတိတရား၊ အသိတရား လက်ကိုင်ထားပြီး ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်နှင့် တိုင်းပြည်အပေါ် အမြဲသစ္စာစောင့်သိပြီး တိုင်းပြည်လမ်းမှားမရောက်စေရေးအတွက် တစ်ဦးချင်း အသိစိတ်ဓာတ်ရှိစွာဖြင့် မှန်မှန်ကန်ကန် တာဝန်ထမ်းဆောင်ကြစေလိုကြောင်း မှာကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# ၂၀၂၂ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်သော အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၁ - ၅ - ၂၀၂၂ )

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား**

ယနေ့ အလုပ်သမားနေ့အခါသမယတွင် မြန်မာနိုင်ငံရှိ အလုပ်သမားထုကြီး တစ်ရပ်လုံးနှင့် ပြည်ပနိုင်ငံအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားထုကြီးအပါအဝင် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားများအားလုံး၊မိဘပြည်သူများအားလုံးကောင်းကျိုးလိုရာဆန္ဒများ ပြည့်စုံကြပါစေ၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်မေလ ၁ ရက်နေ့ကို အလုပ်သမားနေ့အဖြစ် အခမ်းအနားများ ကျင်းပလျက်ရှိသည့်နည်းတူ မိမိတို့ မြန်မာနိုင်ငံတွင်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်အရေးပါသည့် အဓိကစွမ်းအားစုကြီးဖြစ်သော မြန်မာအလုပ်သမားကြီးများအားလုံးကို ဂုဏ်ပြုသည့်အနေဖြင့် ဤသဝဏ်လွှာကို ပေးပို့ခြင်းဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါ ကျရောက်မှုနှင့်အတူ မြန်မာနိုင်ငံသည်လည်း COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသည့် ကဏ္ဍပေါင်းစုံတွင် လူမှုစီးပွားဘဝ ထိခိုက်နစ်နာခြင်းများ ရင်ဆိုင်ကြုံတွေ့ခဲ့ပါသည်။ ထိုသို့သော အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုပေါင်းစုံကြားမှ နိုင်ငံတော်အစိုးရက နိုင်ငံသားအလုပ်သမားများအကျိုးစီးပွားနှင့်သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ကြိုးစားဆောင်ရွက်နေမှုတို့ကို ယခုလို နေ့ထူးနေ့မြတ်အခါသမယနှင့် အခွင့်ကြုံခိုက်တွင် ရှင်းလင်းတင်ပြလိုပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား**

နိုင်ငံတော်အစိုးရသည် အလုပ်သမားများ၏ အခန်းကဏ္ဍကို အစဉ်တစိုက် အလေးပေး ဆောင်ရွက်ခဲ့သည့်အားလျော်စွာ ယခုကဲ့သို့ COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့်ကာလတွင် အကြောင်းအမျိုးမျိုးကြောင့် စက်ရုံ၊ အလုပ်ရုံ ပိတ်ထားရသည့် လုပ်ငန်းရှင်များ လုပ်ငန်းဆက်လက် ရပ်တည်နိုင်ရေးနှင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် အလုပ်သမားများ အလုပ်ပြန်လည်ရရှိရေးတို့အတွက် ချေးငွေများ ထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

လူမှုဖူလုံရေးအဖွဲ့သည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ထိ အကျုံးဝင် အလုပ်ဌာန ၃၆,၆၇၀ ဌာနနှင့် အာမခံအလုပ်သမား ၁,၂၄၈,၃၅၄ ဦး မှတ်ပုံတင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ထိ အကျိုးခံစားခွင့် အမှုတွဲပေါင်း ၁,၄၁၀,၁၉၄ အတွက် ခွင့်ပြုငွေကျပ်သန်းပေါင်း ၆၉၁၀၉.၅၈ အား ထုတ်ပေးခဲ့ပါသည်။ ထို့အပြင် COVID-19 ကာလ၌ စက်ရုံ၊ အလုပ်ရုံများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီဖြစ်စေရေး ကျွမ်းကျင်မှု ပူးပေါင်းရေးအဖွဲ့များက စစ်ဆေးစဉ်ကာလအတွင်း ယာယီပိတ်ထားသည့် စက်ရုံ၊ အလုပ်ရုံများရှိ အာမခံအလုပ်သမားများအား COVID-19 ကာလအတွင်း လူမှုဖူလုံရေး ထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို အာမခံအလုပ်သမား ၁,၅၈၃,၅၃၃ ဦးအတွက် ငွေကျပ်သန်းပေါင်း ၆၇,၉၁၂.၄၆၇ ထုတ်ပေးခဲ့ပါသည်။

မီးလောင်ဆုံးရှုံးခဲ့သည့် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအတွက် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ငွေဖြင့် လည်းကောင်း၊ ယင်းစက်ရုံ၊ အလုပ်ရုံများမှ အလုပ်လက်မဲ့ဖြစ်သွားသော အလုပ်သမားများကို ၎င်းတို့နှင့်ကိုက်ညီသည့် အလုပ်အကိုင်များ ပြန်လည်ရရှိစေရေး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။

လုပ်သားအင်အား အခြေပြုဆောင်ရွက်ရသည့် အထည်ချုပ်လုပ်ငန်းများအပါအဝင် စက်ရုံ၊ အလုပ်ရုံများ

ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရေးအတွက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများတို့ဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာ လုပ်ဆောင်ပေးလျက်ရှိပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အတွက် နိုင်ငံတစ်ဝန်း အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အဆိုပါရုံးများ ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော ဒေသများတွင် Mobile Team(ရွေ့လျားအဖွဲ့)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အလုပ်ရှာဖွေသည့် အလုပ်သမားနှင့် အလုပ်ရှင်တို့အား တစ်နေရာတည်း၊ တစ်ချိန်တည်းမှာပင် အချိန်ကုန်၊ ငွေကုန်သက်သာရန် One Stop Service ဖြင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair)များ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

### ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား

COVID-19 ကာလအတွင်း နိုင်ငံတကာခရီးစဉ်များ ယာယီရပ်ဆိုင်းထားသောကြောင့် နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပိတ်မိပြီး အခက်အခဲနှင့် ဒုက္ခမျိုးစုံကြုံတွေ့နေကြရသည့် မြန်မာအလုပ်သမားများနှင့် မြန်မာနိုင်ငံသားများကို မိမိတို့နိုင်ငံသို့ အမြန်ဆုံး ပြန်လည်ခေါ်ယူနိုင်ရေး စီမံဆောင်ရွက်နိုင်ခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်ရာ မလေးရှားနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် အထောက်အထားမဲ့ဖြစ်၍ ပြစ်ဒဏ်ကျခံပြီး ထိန်းသိမ်းရေးစခန်းများသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား ၁,၀၈၆ ဦးနှင့် အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေကြသော မြန်မာနိုင်ငံသား ၇၀ ဦးတို့ကို တပ်မတော်စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ပါသည်။

အလားတူ ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့ပြီး ပြန်မလာနိုင်ဖြစ်နေကြသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် ပြန်လည်ခေါ်ယူလျက်ရှိရာ မြန်မာအလုပ်သမား ၁၂,၄၁၆ ဦးရှိပြီး နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသူ မြန်မာနိုင်ငံသား ၂၆,၆၈၁ ဦးရှိပါသည်။ ထိုသို့ ပြန်လည်ရောက်ရှိလာသော မိမိတို့ နိုင်ငံသားများအား COVID-19 ရောဂါ စစ်ဆေးကာကွယ်ရေးနှင့် နေရပ်အသီးသီးသို့ အဆင်ပြေချောမွေ့စွာပြန်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံတွင် အလုပ်အကိုင်ရရှိရေးနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃)ကို ရေးဆွဲကာ အဓမ္မခိုင်းစေမှုဆိုင်ရာ အမျိုးသားအဆင့်တိုင်ကြားမှု ယန္တရားထူထောင်၍ တိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများကို ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် စေလွှတ်လျက်ရှိရာ ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ၁,၃၂၂,၃၈၆ ဦး စေလွှတ်နိုင်ခဲ့ပါသည်။ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေနှင့်အညီ မြန်မာအလုပ်သမားများ ရပိုင်ခွင့်များရရှိနိုင်ရေးအတွက်လည်း ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်ထားရှိသည့်အပြင် နိုင်ငံတကာရှိ မြန်မာသံရုံးများကလည်း လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပါသည်။

အလုပ်ရှင်၊ အလုပ်သမားများအား မျှတသော လုပ်ငန်းခွင်ဆက်ဆံရေးစနစ် ကောင်းမွန်စွာကျင့်သုံးတတ်စေရန်၊ ခေါင်းဆောင်မှု၊ ကြီးကြပ်မှု၊ အလုပ်သမားရေးရာဥပဒေနှင့် မူဝါဒများသိရှိစေရန် ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အလုပ်ရှင်များနှင့် အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားများနှင့် အလုပ်သမားအဖွဲ့အစည်းများအား အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ကာ ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် စည်းရုံးဆောင်ရွက်ခွင့်ဆိုင်ရာ ILO ပြဋ္ဌာန်း

ချက်အမှတ်-၈၇ ကို လက်ခံကျင့်သုံးထားသည်နှင့်အညီ ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်သမား၊ အလုပ်ရှင် အဖွဲ့အစည်း စုစုပေါင်း ၃,၁၀၂ ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အလုပ်သမားရေးရာကိစ္စများကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားများ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွှဲပြောင်းတာဝန်ယူပြီး နောက်ပိုင်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဆိုင်ရာဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်( ၅ )ရပ်တွင် ပါဝင်သည့် CoVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားနိုင်ရေးအတွက် နိုင်ငံတော် အစိုးရ၊ အလုပ်သမားစွမ်းအားစုကြီး၊ အသိပညာရှင် အတတ်ပညာရှင် ပြည်သူများအားလုံးတို့၏ ပူးပေါင်းပါဝင်မှု၊ အားထုတ်ကြိုးပမ်းမှုတို့ဖြင့် လုပ်ဆောင်သွားရမည် ဖြစ်ပါသည်။

ထို့အပြင် စီးပွားရေးဆိုင်ရာ ဦးတည်ချက်များဖြစ်သည့် ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်နိုင်ရေး၊ နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေးတို့တွင် အလုပ်သမားစွမ်းအားစုကြီး၏ အကောင်အထည်ဖော်နိုင်မှုအပေါ် များစွာမူတည်နေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် အလုပ်သမားများနှင့် အလုပ်ရှင်များ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ နှစ်ဦးနှစ်ဘက် မျှတသည့်အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများရရှိစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အာဆီယံစီးပွားရေးအသိုက်အဝန်းလမ်းပြမြေပုံပါ ကျွမ်းကျင်အလုပ်သမားများ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာမှု အစီအစဉ်အရ အလုပ်သမားဈေးကွက် ယှဉ်ပြိုင်မှု ပိုမိုမြင့်မားလာမည်ဖြစ်၍ နိုင်ငံတွင်းသာမက အာဆီယံဒေသတွင်းရှိ အလုပ်သမားများနှင့်ပါ ယှဉ်ပြိုင်ရမည့်အပြင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ နိုင်ငံအတွင်း ဝင်ရောက်လာပါက သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုများ တိုးတက်နေစေရန်ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါသည်။

ယခုအချိန်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားရမည့်အချိန်ဖြစ်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး အမြန်ဆုံးပြန်လည်ခိုင်မာ အားကောင်းလာနိုင်မည်ဖြစ်ရာ အကျိုးဆက်အနေဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင်ပါ တစ်ပြိုင်တည်း တိုးတက်လာကာ တည်ငြိမ်အေးချမ်းသည့် ဝန်းကျင်တစ်ခုဖြစ်ထွန်းလာစေရေး အလုပ်ရှင်နှင့် အလုပ်သမား အပြန်အလှန်နားလည်မှုရှိရှိဖြင့် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအရေးပါသည့် အင်အားစုကြီးတစ်ခုဖြစ်သော အလုပ်သမားများသည် နိုင်ငံတော်အစိုးရက တစိုက်မတ်မတ်ဦးတည်ချက်ထားအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာပြီး တည်ငြိမ်အေးချမ်းသော ဝန်းကျင်တစ်ခု ဖြစ်ထွန်းပေါ်ပေါက်စေရေးကို အလေးအနက်ထား တိုက်တွန်းပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

■ ■ ■

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99971-996-7-6
9 789997 199676 >